


# ကမ္ဘာ့နိုင်ငံရေး ဂိမ်း

~ သခင်လှဖေ ~

ဒုတိယအကြိမ်

mgyoe.com
mgyoe.com

# ရဂါးနီ

mgyee.com

တည်းဖြတ်သူ သခင်ဘဟိန်းက "ဗမာ့ထွက်ရပ်လမ်းအတွက် လုပ်ချင်ရက်ရက်ဖြစ်နေကြသော ဗမာနိုင်ငံရေးသမားများအား မြေပုံကြည့်နည်းကို သင်ပြထားသည်" လို့ ဆိုပြီး စာရေးသူကတော့ ကမ္ဘာပေါ်၌ ဓနရှင်စနစ်ကို အမြစ်ပါမကျန်အောင် သုတ်သင်နိုင်မှ ကမ္ဘာ့ငြိမ်းချမ်းရေး ဧကန်ရမည် ဖြစ်ပြီး ထိုသို့မဟုတ်လျှင် ပွဲပြီးမီးသေဆိုသကဲ့သို့ ယာယီငြိမ်းချမ်းရေးမျှသာ ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို တကယ်လိုလားသူတိုင်း ကမ္ဘာ့ရေးရာကို ဆည်းပူး၍ ကမ္ဘာ့နိုင်ငံရေး၏ အခြေခံသဘောတရားများကို သိထားက မိနစ်အတွင်း၊ နာရီအတွင်း ပြောင်းလဲနေသည့် ကမ္ဘာ့အရေးများကို နားလည်နိုင်မည်ဖြစ်ကြောင်း၊ ဤစာအုပ်တွင် အရေးကြီးသည့်နိုင်ငံကြီးများအကြောင်းကို အကျဉ်းချုံး၍ မြေပုံများနှင့် ယှဉ်ပြရေးသားထားကြောင်း ပြောပါတယ်။

ပထမကမ္ဘာစစ်ကြီး ပြီးဆုံးသည့်နောက် ကမ္ဘာ့မြေပုံအနေအထားမှာ အောင်နိုင်သူတို့ ခွဲခြမ်းမှုအရ ကိုလိုနီနယ်ပယ် အနေအထားတွေ ပြောင်းလဲသွားတာကြောင့် ပထမကမ္ဘာစစ်ကြီးအပြီးနဲ့ ဒုတိယကမ္ဘာစစ်မဖြစ်ခင်အတွင်းက ကမ္ဘာ့နိုင်ငံရေးမြေပုံအနေအထားတွေနဲ့ နိုင်ငံရေးအခြေအနေတွေကို ဖော်ပြထားပါတယ်။

ISBN9789997110138

NGN11

9 789997 110138

2,000.00KS

mgyoe.com

ကမ္ဘာ့နိုင်ငံရေးမြေပုံ၊ သခင်လှဗေ
ပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၁၆၃+ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၃၉ နဂါးနီထုတ် ပထမအကြိမ်မူ။

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ကမ္ဘာ့နိုင်ငံရေးမြေပုံ
## သခင်လှဖေ

ဒုတိယအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com

နှစ်ပေါင်း ၈၀ ဝန်းကျင်ရှိ နဂါးနီစာအုပ်များကို
ပြန်လည်စီစဉ်ရိုက်နှိပ်ကြသည့်အခါ စာရေးသူ ဘာသာပြန်သူတို့၏
ကျန်ရစ်သူ မိသားစုဝင် မူပိုင်ရှင်များအား ရနိုင်သ၍ ဆက်သွယ်ကာ
ခွင့်တောင်းခံခြင်း၊ ဥာဏ်ပူဇော်ခပေးအပ်ခြင်းများ ပြုလုပ်ခဲ့သော်လည်း
အချို့မှာ ဆက်သွယ်ရ ခက်ခဲခဲ့ပါသည်။ သို့ဖြစ်ပါ၍ အခြေအနေအရ
ဆက်သွယ်ခွင့်တောင်းခံခြင်း မပြုနိုင်ခဲ့သည့် ကျန်ရစ်သူ မိဘားစုဝင်
စာမူမူပိုင်ခွင့်ဆက်ခံသူများမှ ခွင့်လွှတ်ပါရန်နှင့်
ဥာဏ်ပူဇော်ခပေးအပ်လိုပါသဖြင့် စာအုပ်တိုက်သို့
ကျေးဇူးပြု၍ ဆက်သွယ်ပေးပါရန်
နူးညွှတ်စွာ မေတ္တာရပ်ခံအပ်ပါသည်။

mgyoe.com

mgyoe.com

## ကမ္ဘာ့နိုင်ငံရေးမြေပုံ

**(၁၉၃၉ ခုနှစ်၊ ဒီဇင်ဘာ၊ အုပ်ရေ - ၅၀၀၀၊ တန်ဖိုး - ၁၀ ပဲ)**

သခင်လှဖေ ရေးသားပြုစုတဲ့ စာအုပ်ဖြစ်ပါတယ်။ စာအုပ်မှာ တည်းဖြတ်သူ၏အမှာနဲ့ စာရေးသူရဲ့ နိဒါန်းတို့ ပါဝင်တယ်။ တည်းဖြတ်သူက သခင်ဘဟိန်းပါ။ တည်းဖြတ်သူက "ဗမာ့ထွက်ရပ်လမ်းအတွက် လုပ်ချင်ရက်ရက်ဖြစ်နေကြသော ဗမာ့နိုင်ငံရေးသမားများအား မြေပုံကြည့်နည်းကို သင်ပြထားသည်" လို့ ဆိုထားပါတယ်။

စာရေးသူကလည်း "ကမ္ဘာပေါ်၌ ဓနရှင်စနစ်ကို အမြစ်ပါမကျန်အောင် သုတ်သင်ရှင်းလင်းပစ်နိုင်မှ ကမ္ဘာငြိမ်းချမ်းရေး ဧကန်ရမည်ဖြစ်သည်။ သို့မဟုတ်လျှင် ပွဲပြီးမီးသေဆိုသကဲ့သို့ ယာယီငြိမ်းချမ်းရေးမျှသာ ရပေမည်။

ထို့ကြောင့် ကမ္ဘာငြိမ်းချမ်းရေးကို တကယ်လိုလားသူတိုင်း ကမ္ဘာ့ရေးရာကို ဆည်းပူးရပေမည်။ ထိုသို့ ဆည်းပူးရာ၌လည်း ကမ္ဘာ့နိုင်ငံရေး၏ အခြေခံသဘောတရားများကို ဉာဏ်ငုံမိထားရပေမည်။ သို့မှသာ မိနစ်အတွင်း၊ နာရီ

mgyoe.com

mgyoe.com



အတွင်း ပြောင်းလဲနေသည့် ကမ္ဘာ့အရေးများကို နားလည်ရန် လွယ်ကူမည်ဖြစ်သည်။

ထို့ကြောင့် ဤစာအုပ်တွင် အရေးကြီးသည့်နိုင်ငံကြီးများအကြောင်းကို အကျဉ်းချုံး၍ မြေပုံများနှင့် ယှဉ်ပြရေးသားဖော်ပြလိုက်ပါသည်" လို့ ဆိုထားပါတယ်။

ပထမကမ္ဘာစစ်ကြီး ပြီးဆုံးတော့ ကမ္ဘာ့မြေပုံအနေအထားဟာ အောင်နိုင်သူတို့ ခွဲခြမ်းမှုအရ ကိုလိုနီနယ်ပယ်အနေအထားတွေ ပြောင်းလဲသွားတယ်။ ပြောင်းလဲမှုတွေကို မြေပုံနဲ့တကွ ဖော်ပြရှင်းလင်းရေးသားထားတဲ့ စာအုပ်ပါ။ ဥရောပမြေပုံ ၂၉ ပုံ၊ တောင်အမေရိကမြေပုံတစ်ပုံ၊ မြောက်အမေရိကမြေပုံ တစ်ပုံ၊ အာရှမြေပုံခုနစ်ပုံ၊ အာဖရိကမြေပုံလေးပုံ၊ စုစုပေါင်းမြေပုံ ၄၂ ပုံ ပါဝင်တာ တွေ့ကြရတယ်။

ပထမကမ္ဘာစစ်ကြီးအပြီးနဲ့ ဒုတိယကမ္ဘာစစ်မဖြစ်ခင်အတွင်းက ကမ္ဘာ့နိုင်ငံရေးမြေပုံအနေအထားတွေနဲ့ နိုင်ငံရေးအခြေအနေတွေကို လေ့လာသိရှိနိုင်တဲ့စာအုပ် ဖြစ်ပါတယ်။

○

mgyoe.com

mgyoe.com

# မာတိကာ


– တည်းဖြတ်သူ၏အမှာ က
– နိဒါန်း ဆ
၁။ ဘာလင် ရောမဝင်ရိုး ၁
၂။ ဗာဆေးစာချုပ် ၅
၃။ ဂျာမနီပြည် အနောက်ဘက်နယ်နိမိတ် ၇
၄။ ဂျာမနီ နှင့် မြောက်ပင်လယ် ၁၁
၅။ ဂျာမနီပြည် အရှေ့ဘက်နယ်နိမိတ် နှင့် ကော်ရစ်ဒါနယ် ၁၃
၆။ သြစတြီးယားပြည် ၁၉၁၉ ခုမှ ၁၉၃၈ ၁၉
၇။ သြစတြီးယား၊ ဟန်ဂေရီနယ်ဟောင်း ၂၁
၈။ ချက်ကိုစလိုဗားကီးယား ၂၅
၉။ ပိုလန် ၂၉
၁၀။ ဘောလတစ် ပင်လယ်ပိုင်းနိုင်ငံများ ၃၃
၁၁။ ယူကရိန်းနယ် ၃၇
၁၂။ ကမ္ဘာ့စစ်တွင် အီတလီ၏ဝေစု ၃၉
၁၃။ မယ်ဒီတာရေးနီယင်းပင်လယ်ရှိ ရေကြောင်းခံတပ်များ ၄၃
၁၄။ အီတလီ နှင့် ပင်လယ်နီ ၄၅
၁၅။ စပိန်ပြည် နှင့် ညီညွတ်မှု ၄၉


mgyoe.com

mgyoe.com


၁၆။ စပိန်ပြည်တွင်းစစ် ၅၁

၁၇။ လစ်တွန်(လ်)အင်တန်း ၅၇

၁၈။ ယူဂိုဆလားဗီးယားပြည် လူမျိုးများ ၅၉

၁၉။ ယူမေးနီးယားပြည် ၆၃

၂၀။ ဘူ(လ်)ဂေးရီးယားပြည် ၆၅

၂၁။ ဂရိပြည် ၆၇

၂၂။ ဟန်ဂေရီပြည် ၆၉

၂၃။ ဒနူဘီမြစ် ၇၁

၂၄။ ဥရောပတိုက်ရှိ ဂျူး (ခေါ်) ရေဝတီလူမျိုးများ ၇၅

၂၅။ စကင်ဒီနေးဗီးရင်းနိုင်ငံများ ၇၇

၂၆။ ကမ္ဘာစစ်တွင် တူရကီနိုင်ငံ ဆုံးရှုံးပုံ ၈၁

၂၇။ တူရကီပြည်သစ် ၈၃

၂၈။ အိုင်းရက်(စ)ပြည် ၈၅

၂၉။ ပါလက်စတိုင်းပြည် ၈၉

၃၀။ အဘီဆီနီးယား ၉၃

၃၁။ အီဂျစ် နှင့် ဆူဒန်နယ် ၉၇

၃၂။ အိုင်ရက်ပြည် ၉၉

၃၃။ ကမ္ဘာ့အရှေ့ခြမ်းတွင် တန်ခိုးထွားသည့်နိုင်ငံများ ၁၀၃

၃၄။ ဂျပန်အင်ပါယာ ၁၀၅

၃၅။ တရုတ်ပြည်တွင်းသို့ဝင်သည့် လမ်းသုံးလမ်း ၁၀၉

၃၆။ ရုရှားပြည် ၁၁၉

၃၇။ အာရှတိုက်အလယ်ပိုင်း နှင့် အာဖဂန်နစ္စတန် ၁၂၅

၃၈။ အရှေ့သမုဒ္ဒရာဖြတ်လမ်း ၁၂၉

၃၉။ ဝါဇီဒစ္စတန်နယ် ၁၃၁


mgyoe.com

mgyoe.com

၄၀။ ယှူအက်(စ)အေကပွလီများအရေး ၁၃၅
၄၁။ တောင်အမေရိကတိုက် ၁၃၉
၄၂။ ကမ္ဘာစစ်ကြီးကြောင့် ဂျာမနီရင်ကျိုးပုံ ၁၄၁
၄၃။ ဂျာမနီ ၁၄၆

၀

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# တည်းဖြတ်သူ၏အမှာ

သခင်လှဖေရေးသော 'ကမ္ဘာ့နိုင်ငံရေးမြေပုံ' ကို တည်းဖြတ်နေစဉ် ထောင်ထဲတုန်းက သခင်စိုးနှင့် ကျွန်တော် ဆွေးနွေးခဲ့ပုံတစ်ရပ်ကို ပြေး၍ သတိရမိသည်။ ကျွန်တော်ကား ထောင်ကပေးသော လက်ဆွဲမီးအိမ်ကလေးကို ရှေ့တွင်ချကာ နိုင်ငံရေးစာအုပ်တစ်အုပ်ကို ဖတ်လိုက်သူနှင့် စကားလှမ်းပြောလိုက် လုပ်နေသည်။ ။ သခင်စိုးကား အစိုးရက အသိမ်းခံရသော ဗမာတော်လှန်မှုစာအုပ်ကို တကုပ်ကုပ်ရေးနေကာ အလုပ်ရှုပ်နေသည်။ ၎င်းနောက် သူသည် ဖောင်တိန်ကို စားပွဲစောင်းပေါ်သို့ တင်လိုက်ရင်း ကျွန်တော့်ဘက်သို့လှည့်ကာ...

"ကျွန်ုပ်တို့ကတော့ ဘုံဝါဒတွေ ဓနရှင်ဝါဒတွေ ရေးပြီး ဘယ်တိုင်းပြည်က ဘယ်လို၊ ဘယ်တိုင်းပြည်ကတော့ ညာလိုနဲ့ ရေးလိုက်ကြတာ အမောပဲ၊ ဖတ်တဲ့ တောသူတောင်သားတွေကဖြင့် ကျုပ်တို့ ရေးနေတဲ့ဝါဒတွေ တိုင်းပြည်တွေအကြောင်း နာမည်တောင် ကြားဖူးမှ ကြားဖူးကြမယ်" ဟု ပြောသည်။ သူ့စာအုပ်ကို သူအားမရဘဲ ရှိနေရာမှ ဤစကားမျိုး ထွက်လာပုံရသည်။

"အစစ်ပေါ့ဗျ၊ ကျုပ်တို့ကသာ ထင်ရာစွပ်ကြဲနေကြတာ၊ အများ

mgyoe.com

mgyoe.com



အားဖြင့်တော့ ဗမာတွေ သိနေတာက အရှေ့ကျွန်း၊ အနောက်ကျွန်း စတဲ့ ကျွန်းကြီး ၄ ကျွန်း၊ ကျွန်းငယ် ၂ထောင်လောက်ကိုသာ နားလည်နေကြတာ၊ အဲဒီတော့ ကျုပ်တို့ ရေးပုံမျိုးနဲ့ သူတို့တွေးပုံမျိုးဟာ ဖီလာကြီးကျနေတာပေါ့။ ကောင်းတာကတော့ဗျာ... အခုနေ ကမ္ဘာပေါ်ရှိတဲ့ တိုင်းပြည်တွေရဲ့ အကြောင်းချင်းက ရာဇဝင်အကိုးအကားတွေကို ရှင်းရှင်းနဲ့ နားလည်အောင် စာအုပ်တစ်အုပ်ရေး။ နောက်ပြီး ခေတ်ပေါ် လောကဓာတ်ပညာအခြေခံရအောင် လောကဓာတ်ပညာအကြောင်း စာတစ်အုပ်ရေး။ အဲသလိုဆိုရင် သိပ်ကိုက်မယ်" ဟု သူ့စကားကို ထောက်ခံရင်း လေရှည်လိုက်ရာ...

"ကဲ ဒီလိုလုပ်.. ခင်ဗျားက ကမ္ဘာ့ရာဇဝင်အတိုချုပ်ကိုရေး၊ ကျွန်တော်က လောကဓာတ်ပညာ အခြေခံစာအုပ်ကို ရေးမယ်ဟုတ်လား" ဟု သူ့ကိုယ်သူ တာဝန်ခံရင်း ကျွန်တော့်အားလည်း အဘိယာစက လုပ်နေပြန်လေရာ...

"ဟာ... တော်စမ်းပါဗျာ၊ ကျုပ် 'ခနရှင်လောက' နဲ့မှ လုံးချာရိုက်နေရတဲ့အထဲ ခင်ဗျားစာအုပ် အသာဘေးချိတ်ထားစမ်းပါဦး၊ စာရေးမယ့်လူတွေကလည်း တစ်ပုံတစ်ခေါင်းကြီးပဲ၊ သူတို့ရေးလိမ့်မယ်ပေါ့" ဟု သခင်စိုးအား ပိတ်နှံလိုက်ရင်း သူ့စကား နောက်ထပ်မလာအောင် စာအုပ်ကိုသာ ကုန်းဖတ်နေလိုက်လေသည်။

◆◆◆

ယခု သခင်လှဖေ၏စာအုပ်မှာ သခင်စိုးရေးစေချင်သော စာအုပ်မျိုး ဒင်ပြည့်မဟုတ်သော်လည်း ကာလဒေသကိုကြည့်၍ လောလောဆယ် တိုင်းပြည်တွင် အတော်အကျိုးရှိမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်မည်ကိုကား ကျွန်တော်ယုံသည်။

mgyoe.com

mgyoe.com



ယခုစာအုပ်တွင် ကမ္ဘာပေါ်ရှိ တိုင်းပြည်အသီးသီးတို့၏ လက်ရှိအခြေအနေ၊ နှစ်အနည်းငယ်အတွင်း အပြောင်းအလဲ၊ ကမ္ဘာ့နိုင်ငံရေးတွင် မည်သို့ အရေးပါပုံတို့ကို အရှင်းဆုံးနှင့် အလွယ်ဆုံးရေးထားသည်။

၎င်းပြင် ဤစာအုပ်တွင် ထင်ထင်ရှားရှား ထူးခြားချက်တစ်ခုရှိသည်။ တိုင်းပြည်အသီးသီးတို့၏ မြေပုံအနေအထားကို မြေပုံပေါင်း ၄၃ ခုနှင့် တွဲ၍ ရေးသားဖော်ပြထားခြင်းဖြစ်သည်။ ဤစာအုပ်ကို 'နိုင်ငံရေးမြေပုံ' စာအုပ်ဟု ခေါ်လျှင် မမှားပေ။

မြေပုံနှင့်ပတ်သက်၍ ရေးသားရင်း စာနယ်ဇင်းဖတ်နေကြသော ဗမာအမြောက်အမြား မြေပုံမှန်အောင် မကြည့်တတ်ပုံကို သတိထားမိသည်။ လက်ရှိစာသင်ကျောင်းများခေတ် ဟိုဘက်ဆီက မွေးဖွားခဲ့ကြ၍ ဘုန်းကြီးကျောင်းမှ လူလားမြောက်လာကြသော လူကြီးများမှာ မြေပုံကို အမြီးအမောက်မှ တည့်အောင် မကိုင်တတ်ကြ။ ဤမျှ ခေတ်နောက်ကျလျက် ရှိကြသည်။

သခင်လှဖေ၏ စာအုပ်သည် ဗမာ့ထွက်ရပ်လမ်းအတွက် လုပ်ချင်ရက်ရက်ဖြစ်နေကြသော ဗမာနိုင်ငံရေးသမားများအား မြေပုံကြည့်နည်းကို သင်ပြထားသည်။ ဤအချက်တွင် သခင်လှဖေ၏စာအုပ်သည် အခြားအခြားသော ထုတ်ဝေပြီးသမျှ နိုင်ငံရေးစာအုပ်များနှင့်မတူ။

◆◆◆

စာရေးသူ သခင်လှဖေနှင့် စာဖတ်သူအား မိတ်ဆက်ပေးရဦးမည်။

၁၉၃၆ ခုနှစ် ကျောင်းသားသပိတ်ကြီးတွင် သခင်လှဖေ၏ နာမည်ကို ကျွန်တော် စ၍ ကြားဖူးသည်။ ထိုအချိန်တွင် သခင်လှဖေမှာ ကျောင်းသားကိုလှဖေဖြစ်၍ အလွန်ဒေါသကြီးသူ စိတ်စေတနာထက်သန်လွန်း၍ ဇွတ်တရွတ်နိုင်လှသူအဖြစ် ကျောင်းသားသပိတ်သမားများတွင်

mgyoe.com

mgyoe.com



အတော်နာမည်ကြီးနေခဲ့သည်။

ကျွန်တော်နှင့်ကား ထိုအချိန်က လူချင်းမသိဖူး၍ သူ့နာမည်ကြီးသည်နှင့်အမျှ သူ့စိတ်ထား မည်သို့နေသည်ကို မသိနိုင်ခဲ့သော်လည်း နောက်တွင် သူနှင့် ဆက်ဆံခဲ့သမျှ သူ့အကြောင်း ကျွန်တော် သိလာရသည်တို့ကား သူသည် လူပိန်ညောင်ညောင်နိုင်သလောက် စိတ်ကြီးလှသည်။ လူပုစိတ်တိုဟု စကားပုံရှိသော်လည်း လူရှည်ရှည်ကိုင်းကိုင်းနှင့် စိတ်တိုလှသည်။ ဤအချက်တွင် သူတို့ညီအစ်ကိုမှာ ညီအစ်ကို ပြောလောက်အောင် ဘက်ညီလှသည်။ သူ့ညီ သမဂ္ဂဥက္ကဋ္ဌ ကိုလှရွှေမှာလည်း သူ့အစ်ကိုခြေရာနင်းသည့်အလား အလွန်စိတ်မြန်လက်မြန်နိုင်လှသည်။

ကျောင်းသားသပိတ်ကြီးအပြီးတွင် သပိတ်အလုန်အမှောက်ကိစ္စနှင့် ပတ်သက်၍ အလွန်စိတ်သန်လှသော သခင်လှဖေသည် သပိတ်ဆက်မှောက်ဖို့အတွက် အတိုက်အခံ ကြိုးစားရင်းက သပိတ်လုန်ဖြစ်သွားသဖြင့် စိတ်အနည်းငယ်ပျက်သွားပုံရပြီး တက်ဘုန်းကြီး ကိုသိန်းဖေရှိရာ ကာလကတ္တားသို့ လိုက်သွားကာ အိန္ဒိယတွင် တစ်နှစ်နီးပါးမျှ နိုင်ငံရေးကို ဆည်းပူးလေ့လာခဲ့လေသည်။

သူကာလကတ္တားတွင်ရှိနေစဉ် ကုလားနိုင်ငံရေးသမားများထံမှ လက်တွေ့နိုင်ငံရေးပညာကို လေ့လာခဲ့သည်။ ဘုံဝါဒကျမ်းစာပေများကို ဖတ်ရှုရင်း သဘောပေါက်ကာ ဘုံဝါဒသမားခေတ်ပြောင်းတော်လှန်ရေးသမားဖြစ်လာသည်။ ကျွန်တော်နှင့် သိကျွမ်းပြီးဖြစ်သော ကိုသိန်းဖေမှ တစ်ဆင့်အကြောင်းပြု၍ ကာလကတ္တားရှိ ကိုလှဖေနှင့် ဗမာပြည် မန္တလေးရှိ ကျွန်တော်တို့မှာ ပထမစတင်၍ စာဖြင့် ဆက်သွယ်သိကျွမ်းလာကြသည်။ ယခုအခါ ကျောင်းသား ကိုလှဖေမှာ သခင်လှဖေအဖြစ်နှင့် တို့ဗမာအစည်းအရုံးကြီး၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဖြစ်နေလေသည်။

mgyoe.com

mgyoe.com



သခင်လှဖေအကြောင်းရေးလျှင် သူနှင့် ကျွန်တော်အတူတကွ ဘားလမ်းအတွင်းရှိ သုံးထပ်တိုက်ကြီးတစ်ခုပေါ်တွင်နေ၍ ထမင်းနပ်မှန်အောင် မစားခဲ့ရပုံတို့ကို သတိရမိပြန်သည်။

အချိန်မှာ ကျွန်တော်ထောင်ကထွက်စ နွေရာသီကျောင်းပိတ်ရက်တွင်းဖြစ်၍ သံယောဇဉ်နှောင်ကြိုးကြောင့် မိဘရပ်ထံသို့ မပြန်နိုင်ဘဲ ရန်ကုန်တွင် သောင်တင်နေဆဲ သခင်လှဖေမှာလည်း ခြေသလုံးအိမ်တိုင်နှင့် ယောင်လည်လည်ဖြစ်နေဆဲ နှစ်ဦးသားပေါင်းမိကာ မိတ်ဆွေကိုသိန်းဖေ ငှားထားပြီး မနေသော သုံးထပ်တိုက် အခန်းတစ်ခန်းတွင် တက်၍နေကြလေသည်။ ကျွန်တော်ကလည်း ဘိုင်ကောင်၊ သူ့မှာလည်း တစ်ပြားမှမကပ်နှင့် စာတိုစာစ ရေးရင်းက ရသောပိုက်ဆံကိုသာ ခါးတွင်လိမ်ကာ တစ်ခါတလေ နပ်ကျော်စား၍ တစ်ခါတစ်ရံ လက်ဖက်ရည်တစ်ခွက် ပေါင်မုန့်တစ်ချပ်ဖြင့်သာ ရောင့်ရဲခဲ့ကြရသည်။

မတတ်သာသည့် အတူတူ ထမင်းငတ်တာဟာ နိုင်ငံရေးလက်တွေ့ စာမေးပွဲတစ်မျိုးပဲဟုသာ ကိုယ့်ကိုယ်ကိုယ်အယုံသွင်းရင်းက အပြင်ဘက်ထွက်စရာ စရိတ်မရှိတိုင်း အခန်းအောင်းကာ နိုင်ငံရေးဆွေးနွေးခဲ့ကြသည်တို့ကား ကျွန်တော်တို့အတွက် မေ့ပျောက်နိုင်ဖွယ်မရှိသော ကြုံတွေ့ရသမျှ အဖြစ်အပျက်ကလေးတို့တွင် တစ်ခုအပါအဝင်ဖြစ်လေတော့သည်။

◆◆◆

ကျွန်တော်တို့ကဲ့သို့ပင် ကိုလှဖေစာအုပ်ရေးသည်မှာ ကမ္ဘာ့နိုင်ငံရေးကို ပိုင်နိုင်လှ၍ မဟုတ်ဘဲ ကိုယ့်ဗမာအမျိုးသားများ နိုင်ငံရေးအမြင်ကျယ်ရမည်ဟူသော စေတနာကိုသာ အရင်းခံထားရှိရင်းဖြစ်သဖြင့် ယခုစာအုပ်တွင် ချို့ယွင်းတိမ်းစောင်းချက်များပါခဲ့လျှင် တည်းဖြတ်သူနှင့်

mgyoe.com

mgyoe.com



စာရေးသူတို့က လုံး၀ တာ၀န်ခံယူကြပါသည်။

နိုင်ငံရေး တကယ့်လုပ်ငန်းမျိုးမှာ စေတနာရှိရုံနှင့် ပြီးသောကိစ္စမျိုး မဟုတ်ရကား ကျွန်တော်တို့ထက် အမြင်ကျယ်ဝန်း၍ တိုင်းပြည်အား ပိုမို နည်းမှန်စွာ ညွှန်ကြားနိုင်သော နိုင်ငံရေးကျမ်းပြုဆရာများ ပေါ်ပေါက်လာကြပြီး တိုင်းပြည်ကလည်း နိုင်ငံရေး အမြင်ကျယ်ကျယ်နှင့် ရေးသမျှ နိုင်ငံရေးကျမ်းစာများကို ဝေဖန်ပိုင်းခြားတတ်သော အမြင်ဖြင့် ဖတ်ရှုကြကာ စာအုပ်တွင် ပါသမျှ အဆီအနှစ်တို့ကို ထုတ်နုတ်ပြီး ဗမာ့ထွက်ရပ်လမ်း တီထွင်ရေးလုပ်ငန်းတွင် အသုံးပြုလာနိုင်ပါစေဟူသည်တို့ကား တည်းဖြတ်သူနှင့် စာရေးသူတို့၏ စေတနာထက်သန်လှသော ဆုတောင်းချက်တို့ ဖြစ်ပါသတည်း။

ဘဟိန်း
တည်းဖြတ်သူ။
၁၀–၁၀–၃၉
ရန်ကုန်မြို့။

mgyoe.com

mgyoe.com

# နိဒါန်း

ယခု ဤစာအုပ်ကို ရေးနေသောအချိန်၌ ပိုလန်ပြည်ကလေးကို ဂျာမနီနာဇီတို့က ဝင်လုသည့်ကိစ္စနှင့်ပတ်သက်၍ ဂျာမနီကတစ်ဖက်၊ ပိုလန်၊ အင်္ဂလိပ်၊ ပြင်သစ်တို့ကတစ်ဖက် စစ်ကြေညာပြီး တိုက်ခိုက်လျက်ရှိလေသည်။ အဘယ့်ကြောင့် ဤသို့စစ်ဖြစ်ရသည်ကို အကြောင်းရှာကြစို့။

အကျဉ်းအားဖြင့်ဆိုသော် ဆင်းရဲသားခေါင်းဆောင် လီနင်က တိုင်းပြည်တစ်ခု၌ ဓနရှင်များ၏ စီးပွားရေးအလွန်အမင်း ကြီးကျယ်လာပြီး လက်ဝါးကြီးအုပ်၍လုပ်သည့် ကုမ္ပဏီကြီးများ၊ အစုစပ်ဘဏ်များ စသောအဖွဲ့တို့ စုပေါင်းမိလာကြသောအခါ (ဝါ) အင်အားကြီးလာသောအခါ နိုင်ငံချဲ့ထွင်ရေး ဝါဒဖြစ်ပေါ်လာရသည်ဟု ဆိုလေသည်။ ထိုအခါ နိုင်ငံသစ်များကို အပူတပြင်း သိမ်းပိုက်ရန် ကြိုးစားကြလေသည်။ သို့မှပင် ကျွန်နိုင်ငံများတွင် ၎င်းတို့နှင့်ယှဉ်ပြိုင်နိုင်သည့် ဓနရှင်များ နည်းပါးခြင်း၊ မြေယာလတ်အမြောက်အမြားရခြင်း၊ ကုန်ချောများ တွင်ကျယ်စွာရောင်းရခြင်း၊ ကုန်ကြမ်းကုန်ရိုင်းများကို ဈေးပေါပေါ စရိတ်ကျဉ်းကျဉ်းနှင့်ရခြင်း၊ တိုင်းရင်းသားအလုပ်သမားများကို အခကြေးငွေပေါပေါနှင့် ခိုင်းရခြင်း စသည့် အကျိုးကျေးဇူးများကို ခံစားနိုင်ပေမည်။

mgyoe.com

mgyoe.com



ခရစ်သက္ကရာဇ် ၁၉၀၀ လောက်အထိ နိုင်ငံကြီးအချင်းချင်း ပဋိပက္ခ အဖြစ်နည်းသော်လည်း စက်မှုလက်မှုလုပ်ငန်းများ တဖြည်းဖြည်း တိုးတက်လာသောအခါ အရောင်းအဝယ်များလည်း ဖွံ့ဖြိုးလာပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ ၎င်းတို့၏ကုန်များထွင်ရန် အလုအယက်ရောင်းထုတ်လာကြသဖြင့် အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်၊ ပေါ်တူဂီ စသောနိုင်ငံများအချင်းချင်း ပဋိပက္ခ ဖြစ်လာရလေသည်။

ထို့ကြောင့် ၁၉၁၄ ခုနှစ်တွင် ကမ္ဘာစစ်ကြီး အကြီးအကျယ်ဖြစ်ပေါ်လာခဲ့သည်။ အကြောင်းကိုကြည့်ကြစို့။ ၁၉၁၄ ခုနှစ် မတိုင်မီ ဂျာမနီပြည်သည် နယ်ချဲ့ရန် လိုလာသည်။ ထိုအခါ အရှေ့ဘက်နိုင်ငံများကို ချိန်ရွယ်၍ နော့(သ)ပင်လယ်နှင့် ပါရှားပင်လယ်ကွေ့ကို ဆက်နိုင်ရန် မီးရထားလမ်းဖောက်ဖို့ ကြိုးစားလာသည်။ ၎င်းတို့အကြံအတိုင်း ဖြစ်မြောက်သွားလျှင် အင်္ဂလိပ်တို့ တန်ခိုးအာဏာများ ပါရှားနှင့် အိန္ဒိယပြည်တွင် ယုတ်လျော့သွားမည်ဖြစ်သည်။

ပြင်သစ်ပြည်ကလည်း ၁၈၇၀–၇၁ ခုနှစ်တွင် ဂျာမနီနှင့် အချင်းများပြီး အော(လ်)ဆေးလိုရိမ်းနယ်ကို ဂျာမန်တို့အား အပ်ခဲ့ရသည်။ အခွင့်အခါကောင်းလျှင် အော(လ်)ဆေးလိုရိမ်းနယ်ကို ပြင်သစ်တို့က ပြန်လည်ယူလိုသည့် ဆန္ဒများ ပြင်းထန်နေခိုက် အာဖရိကတိုက် မိုရက်ကိုနယ်သို့ ဂျာမန်များ ဝင်ရောက်လာခြင်းကြောင့် ၁၉၀၄ ခုနှစ်တွင် ပြင်သစ်နှင့် အင်္ဂလန်တို့ မဟာမိတ်စာချုပ် တိတ်တိတ်ပုန်း ချုပ်ဆိုခဲ့သည်။

တစ်ဖန် ရုရှားကလည်း ဂျပန်နှင့်စစ်ဖြစ်ပြီး အရေးရှုံးသည့်အတွက် အင်္ဂလန်နှင့် မဟာမိတ်စာချုပ် လောလောဆယ် ချုပ်ဆိုလိုက်ပြန်သဖြင့် ၁၉၀၇ ခုနှစ်တွင် အင်္ဂလန်၊ ပြင်သစ်၊ ရုရှား စသော သုံးပွင့်ဆိုင်မဟာမိတ်နိုင်ငံများ ဖြစ်လာသည်။

ဂျာမနီပြည်ကမူ ဩစတြီးယား၊ ဟန်ဂေရီပြည်၊ ဘူဂေးရီးယား

mgyoe.com

mgyoe.com



ပြည်၊ တူရကီပြည်တို့နှင့်ပေါင်းစပ်၍ မဟာမိတ်စာချုပ် ချုပ်ဆိုခဲ့သည်။

ဆိုဗီယက်ရုရှားပြည် ကွန်မြူနစ်အသင်း၏ ရာဇဝင်မှတ်တမ်း၌ ကမ္ဘာစစ်ကြီး ဖြစ်ပေါ်လာရခြင်းအကြောင်းမှာ....ဂျာမနီသည် ပြင်သစ်နှင့် အင်္ဂလန်တို့၏ ကိုလိုနီနိုင်ငံများနှင့် ယူကရိန်း၊ ပိုလန်၊ ဘော(လ်)တစ်နယ်တို့ကို ရုရှားဆီမှ တိုက်ခိုက်လိုခြင်းကြောင့် နယ်ချဲ့ရန် စိုင်းပြင်းသည်။

ရုရှားပြည်၏ ဇာဘုရင်အစိုးရတို့ကလည်း တူရကီပြည်ကို ခွဲခြမ်းယူလိုခြင်းအပြင် ရေနက်ပင်လယ်မှ မယ်ဒီတာရေးနီးယန်း ခေါ် မြေထဲပင်လယ်သို့ ဆင်းလာသည့် ဒါဒန်နေကမ်းရိုးတန်းကို သိမ်းပိုက်လိုသည့်ပြင် ဩစတြီးယား ဟန်ဂေရီပြည်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ဂလီရှားနယ်ကိုပါ ယူလိုပြန်သည်။

အင်္ဂလန်ပြည်ကလည်း တူရကီပိုင်နယ်များဖြစ်သော ပက်လက်(စ)တိုင်းပြည် မက်ဆိုပိုတေးမီးယားနယ်များကို သိမ်းလိုပြန်သည့်ပြင် ၎င်းတို့၏ ကုန်များထက် တွင်ကျယ်စွာရောင်းနေရသည့် ဂျာမန်တို့၏ ကုန်များကိုလည်း ပပျောက်သွားရန် လုပ်လိုသည်။

ပြင်သစ်ပြည်ကလည်း ကျောက်မီးသွေးနှင့် သံ အမြောက်အမြားထွက်ရှိသည့် ဆားနယ်နှင့် အော်(လ)ဆေးလိုရိန်းနယ်များကို ပိုင်လိုပြန်သည်။ သို့ကြောင့် ဓနရှင်နိုင်ငံများ နှစ်စုကွဲကာ ၁၉၁၄ ခုနှစ်တွင် နယ်များလုရန် တစ်ဖက်နှင့်တစ်ဖက် အပြင်းအထန် တိုက်ခိုက်ကြရသည်' ဟု ဖော်ပြရေးသားထားလေသည်။

ထို့ကြောင့် ဓနရှင်စနစ်အရ တည်ဆောက်ထားသည့် နိုင်ငံတိုင်းတို့မှာ မကြာမကြာ နယ်ချဲ့စစ်များနှင့် ရင်ဆိုင်တိုးနေမည်မှာ မုချပင်။ ၁၉၁၈ ခုနှစ်တွင် ကမ္ဘာစစ်ကြီးအပြီးသတ်သောအခါ လူပေါင်း ၁၀ သန်းခန့်သေ၍ သန်း ၂၀ကျော်မှာ ဒဏ်ရာအကြီးအကျယ် ရခဲ့ခြင်းကြောင့်

mgyoe.com

mgyoe.com


စစ်ဖြစ်ပွားရသော နိုင်ငံကြီးများမှာ များစွာ နောင်တရပြီး ကမ္ဘာ ငြိမ်းချမ်းရေးအတွက် နောင်စစ်မဖြစ်ရန် ၁၉၁၈ ခုနှစ်တွင် နိုင်ငံကြီးများ စုပေါင်း၍ ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခဲ့လေသည်။ သို့သော် နယ်ချဲ့ဝါဒနှင့် စစ်မှာ လူသွားရာ အရိပ်ပါသကဲ့သို့ ဖြစ်ခြင်းကြောင့် ငြိမ်းချမ်းရေးစာချုပ်သော်လည်း ဘာမှအကြောင်းမထူးချေ။ ၎င်းစာချုပ်ပေါ်သည့်နေ့မှစ၍ ယခုအထိ စစ်များ မကြာမကြာ ဖြစ်ခဲ့သည်မှာ ယခု ဖြစ်ပေါ်နေသည့် စစ်ပါဆိုလျှင် ၁၈ ကြိမ် ရှိလေပြီ။

တစ်ကြိမ်ကား။ ။ ၁၉၁၈ ခုနှစ် မှ ၁၉၁၉ ခုနှစ်တွင် ပို(လ်)နှင့် ယူကရိန်းလူမျိုးတို့သည် အရှေ့ဘက် ဂလီရှားနယ်ကို သိမ်းရန် တိုက်လေသည်။ ပို(လ်)တို့ ကနိုင်သဖြင့် ဂလီရှားကို ပိုလန်နယ်သို့ သွတ်သွင်းခဲ့သည်။

၂ ကြိမ်မြောက်ကား။ ။ ၁၉၁၉ မှ ၁၉၂၁ ခုနှစ်တွင် အိုင်ယာလန်ပြည်၌ အိုင်းရစ်လူမျိုးတို့၏ လွတ်လပ်ရေး စစ်ပွဲကြီး ပေါ်ပေါက်ခဲ့သည်။

၃ ကြိမ်မြောက်ကား။ ။ ၁၉၁၉ ခုနှစ်တွင် ရုရှားပြည် ဆိုက်ဘေးရီးယားနယ်တွင် ရေကြောင်းဗိုလ်ချုပ်ကြီး ကော(လ်)ကတ်၊ ရုရှားပြည် တောင်ဘက်ပိုင်းတွင် စစ်ဗိုလ်ချုပ်ကြီးဒင်နီကင်း၊ အက်စတိုနီယားနယ်တွင် စစ်ဗိုလ်ချုပ်ကြီး ယူဒီနစ်(ခ)တို့ ခေါင်းဆောင်၍ ဆင်းရဲသားအစိုးရအဖွဲ့အား ပုန်ကန်ခြင်းကြောင့် ရုရှားရုပ်နီတပ်သားက တရကြမ်း နှိမ်နင်းခဲ့သည်။

၄ ကြိမ်မြောက်ကား။ ။ ၁၉၁၉–၂၂တွင် မိုရက်ကိုနိုင်ငံ ရစ်(ဖ)နယ် ကို စပိန်က တိုက်ခိုက်ခဲ့သည်။

mgyoe.com

mgyoe.com



၅ ကြိမ်မြောက်ကား။ ။ ၁၉၁၉–၂၆ ခုတွင် အာရေးဘီးယားပြည်တွင် အစ်(ဘ)ဆော့နှင့် ဟူစိန်ဘုရင်တို့ စစ်ဖြစ်ကြပြီး ဟူစိန်ဘုရင် နန်းကျသွားသည်။

၆ ကြိမ်မြောက်ကား။ ။ ၁၉၂၀ ပြည့်နှစ်တွင် ရုရှားပြည်က ပိုလန်ပြည်အား တိုက်ခဲ့သည်။

၇ ကြိမ်မြောက်ကား။ ။ ၁၉၂၀ ပြည့်နှစ်တွင် တူရကီပြည်က အမေနီးယားသမ္မတနိုင်ငံကို တိုက်ခိုက်ပြီး ရုရှားနှင့် တိုက်ရိုက်ဆက်သွယ်သည့်လမ်းကြီး ဖောက်လုပ်ခဲ့သည်။

၈ ကြိမ်မြောက်ကား။ ။ ၁၉၂၀–၂၆ ခုနှစ်တွင် တရုတ်ပြည်၌ ပြည်တွင်းစစ် အကြီးအကျယ် ဖြစ်ခဲ့သည်။

၉ ကြိမ်မြောက်ကား။ ။ ၁၉၂၁–၂၂ ခုနှစ်တွင် အေရှားမိုင်းနားပြည်ကို ဂရိ(ခ)လူမျိုးတို့က တိုက်ခိုက်လေသည်။ သို့သော် တူရကီတို့က တစ်လအကြာတွင် နှိမ်နင်းလိုက်သည်။ ထိုအခါ အေရှားမိုင်းနားတွင် ပျက်စီးဆုံးပါးသည့် တန်ဖိုးငွေစုစုပေါင်းမှာ ရွှေဒင်္ဂါးပေါင်း ၅၀,၀၀၀,၀၀၀ ရှိသည်ဟု ခန့်မှန်းခဲ့သည်။

၁၀ ကြိမ်မြောက်ကား။ ။ ၁၉၂၅ ခုနှစ်တွင် ဆီးရီးပြည်တွင် ပြင်သစ်တို့အား ပုန်ကန်မှုကြီး ပေါ်ခဲ့သည်။

၁၁ ကြိမ်မြောက်ကား။ ။ ၁၉၂၅ – ၃၅ နှစ်တွင် တောင်အမေရိကတိုက်တွင် ဂရင်ဂချာကိုနယ်အတွက် ဘိုလီဗီယားနယ်နှင့် ပရာဂွေးရေနယ်တို့ စစ်ဖြစ်ပွားခဲ့သည်။

၁၂ ကြိမ်မြောက်ကား။ ။ ၁၉၂၆–၂၈ ခုနှစ်တွင် တရုတ်ပြည်

mgyoe.com

mgyoe.com



၌ ပြည်တွင်းစစ် အကြီးအကျယ်ဖြစ်ပြီး တရုတ်သမ္မတနိုင်ငံကြီးအဖြစ် တည်ထောင်ခဲ့သည်။

၁၃ ကြိမ်မြောက်ကား။ ။ ၁၉၃၁–၃၂ ခုနှစ်တွင် မန်ချူးရီးယားပြည်ကို ဂျပန်တို့ အတင်းဝင်ရောက် တိုက်ခိုက်ပြီး တရုတ်ဘုရင်ချုန်ဆီ ဘိုလင်ကို နန်းချ၍ ၎င်းတို့သဘောကျ ဘုရင်ကို နန်းတင်ပြီး မန်ချူးနယ်ကို ဂျပန်လက်အောက် သွင်းခဲ့သည်။

၁၄ ကြိမ်မြောက်ကား။ ။ ၁၉၃၂ ခုနှစ်တွင် တရုတ်ပြည် ရှန်ဟဲမြို့၌ တရုတ်စစ်တပ်နှင့် ဂျပန်စစ်တပ်တို့ အချင်းဖြစ်ပွားခဲ့သဖြင့် ရှန်ဟဲမြို့မှာ ရွှေဒင်္ဂါးပေါင်ပေါင်း ၇၀,၀၀၀,၀၀၀မျှ နစ်နာဆုံးရှုံးခဲ့သည်။

၁၅ ကြိမ်မြောက်ကား။ ။ ၁၉၃၅–၃၆ခုနှစ်တွင် အဘီဆီနီးယားပြည်အား အီတလီတို့က တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

၁၆ ကြိမ်မြောက်ကား။ ။ ၁၉၃၆ ခုနှစ်တွင် စပိန်ပြည်တွင် အီတလီ၊ ဂျာမနီတို့က အားပေးသည့် ပြည်တွင်းစစ်ဖြစ်ခဲ့သည်။

၁၇ ကြိမ်မြောက်ကား။ ။ ၁၉၃၇ ခုနှစ်တွင် တရုတ်တစ်ပြည်လုံးကို သိမ်းပိုက်ရန် ဂျပန်တို့ ဝင်ရောက်တိုက်ခိုက်နေသည်မှာ ယခုတိုင်ဖြစ်သည်။

၁၈ ကြိမ်မြောက်ကား။ ။ အနောက်ဘက်ကမ္ဘာခြမ်းတွင် ပိုလန်ပြည်ကို အကြောင်းပြု၍ အင်္ဂလန်၊ ပြင်သစ်၊ ပိုလန်ကတစ်ဖက်၊ ဂျာမနီကတစ်ဖက် စစ်ဖြစ်နေသည်။

mgyoe.com

mgyoe.com

(၃)

ယင်းသို့ ခေတ်သစ်ရှင်လောကတွင် စစ်ကြီးများ ပွက်ပွက်ရိုက်အောင် မကြာမကြာ ပေါ်ပေါက်ခဲ့လေပြီ။ နောင်လည်း ခေတ်ရှင်စနစ်တည်နေသ၍ စစ်များ ထပ်တလဲလဲ ပေါ်ပေါက်လာရပေဦးမည်။

ကမ္ဘာပေါ်၌ ခေတ်ရှင်စနစ်ကို အမြစ်ပါမကျန်အောင် သုတ်သင်ရှင်းလင်းပစ်နိုင်မှ ကမ္ဘာငြိမ်းချမ်းရေး ဧကန်ရမည်ဖြစ်သည်။ သို့မဟုတ်လျှင် ပွဲပြီး မီးသေဆိုသကဲ့သို့ ယာယီငြိမ်းချမ်းရေးမျှသာ ရပေမည်။

သို့ကြောင့် ကမ္ဘာငြိမ်းချမ်းရေးကို တကယ်လိုလားသူတိုင်း ကမ္ဘာ့အရေးအရာကို ဆည်းပူးရပေမည်။ ထိုသို့ဆည်းပူးရာ၌လည်း ကမ္ဘာ့နိုင်ငံရေး၏ အခြေခံသဘောတရားများကို ဉာဏ်ငုံမိထားရပေမည်။ သို့မှသာ မိနစ်အတွင်း နာရီအတွင်း ပြောင်းလဲနေသည့် ကမ္ဘာ့အရေးများကို နားလည်ရန် လွယ်ကူမည်ဖြစ်သည်။

ထို့ကြောင့် ဤစာအုပ်တွင် အရေးကြီးသည့် နိုင်ငံကြီးများအကြောင်းကို အကျဉ်းချုံး၍ မြေပုံများနှင့် ယှဉ်ပြရေးသား ဖော်ပြလိုက်ပါသည်။

သခင်လှဖေ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဘာလင် ရောမဝင်ရိုး

ဩစတြီးယားပြည်ကလေးကို နာဇီတို့ သိမ်းပိုက်လိုက်သည့်နေ့မှ စ၍ ဥရောပမြေပုံကိုကြည့်မည်ဆိုလျှင် ဂျာမနီနှင့် အီတလီနိုင်ငံတို့သည် မြောက်ဘက်ရှိ ဘော(လ်)တစ်ပင်လယ်နှင့် တောင်ဘက်ရှိ မယ်ဒီတာ ရေးနီးယင်း ခေါ် မြေထဲပင်လယ်တို့ကို တောက်လျှောက် ဆက်စပ်ထား သည်ကို တွေ့ရပေမည်။

နာဇီဂျာမနီနှင့် ဖက်ဆစ်အီတလီနိုင်ငံတို့မှာ မည်သည့်ကမ္ဘာ့ခြမ်း တွင်မဆို အင်အားကြီးလှသော ဗြိတိန်၊ ပြင်သစ် စသော အပြိုင်နိုင်ငံကြီး များနှင့် ရင်ဆိုင်တိုးနေသဖြင့် နယ်ချဲ့ရန် မလွယ်လှပေ။ နယ်ချဲ့လို လျှင်ကား ဥရောပအလယ်ပိုင်းရှိ နိုင်ငံငယ်ကလေးများကို တစ်နယ်ပြီး တစ်နယ် သိမ်းပိုက်ရန်သာ နည်းလမ်းရှိတော့သည်။ ယခု စစ်ဖြစ်နေသည့် အချိန်၌ဆိုလျှင် ဘာလင်ရောမဝင်ရိုးတစ်လျှောက်ရှိ နိုင်ငံကလေးများမှာ သာ၍ပင် စိတ်မချစရာ ဖြစ်၍နေတော့သည်။ ယူဂိုဆလားဗီးယားနယ်ပင် စစ်အင်အား နေ့ချင်းညချင်း ဖြည့်တင်းနေရသည့်အခြေကို ထောက် လျှင် အခြားနိုင်ငံကလေးများမှာလည်း ဘာလင်ရောမဝင်ရိုး၏ ဆားဒဏ်

mgyoe.com

mgyoe.com



# မြေပုံအမှတ် ၁




mgyoe.com

mgyoe.com




နှင့် နီးသည်ထက် နီးလာပြီဟု ယူဆရမည်ဖြစ်သည်။

စပိန်ပြည်၌ ပြည်တွင်းရေးစစ်ဖြစ်စဉ်က သူပုန်တို့အား ဖက်ဆစ်နှင့် နာဇီတို့က အားပေးကူညီခြင်းမှာ ဗြိတိန်နှင့် ပြင်သစ်တို့၏ သွေးကြောဖြစ်သော မယ်ဒီတာရေးနီးယား ခေါ် မြေထဲပင်လယ်ကို လွှမ်းမိုး ချုပ်ချယ်လိုခြင်းကြောင့် ဖြစ်သည်။ ဗြိတိန်နှင့် ပြင်သစ်တို့ကား ဖက်ဆစ်တို့၏ ဝင့်ဝါခြင်းကို ထိုအချိန်က စည်းပျော့နည်းနည်း လျော့ရဲရဲလုပ်ကာ ကြည့်နေကြခြင်းကြောင့် ချက်ပြည်၊ မီမ(လ်)ပြည်နှင့် အဲ(လ)ဗေးနီးယားပြည်များကို ဖက်ဆစ်တို့က သိမ်းပိုက်တိုက်ခိုက်ယူလိုက်ကြသည့်အပြင် ယနေ့ဆိုလျှင် ဒန်ဇစ်မြို့တော်ကို အကြောင်းပြု၍ ဂျာမန်တို့သည် ပိုလန်ပြည်ကို သိမ်းပိုက်လိုက်သည်ကို တွေ့ရလေသည်။

○

mgyoe.com

## မြေပုံအမှတ် ၂


ဂျာမနီ
ဘာလင်
အယ်လ်ဘီမြစ်
ဟင်းဘတ်(ဂ်)
ဗီယင်နာ
ပိုလန်
ဗစ်တူလာ
ပရိတ်(စ)
ချက်ကိုဆလိုဗက်ကီးယား
ကောရစ်ဒါး
ဘဏ္ဍင်ဂ်
ဘဏ္ဍာပဲ့ရပ်ကျား
ဘာလင်
ဗီယင်နာ
ဒိန်းမတ်သို့
ဘယ်(လ်)ဂျီယံသို့
ရိုင်းမြစ်
၁၉၃၆-ခု ဂျာမနီပြန်ယူ
ဆားနယ်
၁၉၃၅-ဂျာမနီပြန်ယူ
လော်ရိမ်း ဒြာလ်ဆေး
မြူနစ်
၁၉၃၈. မတ်လ ဩစတြီးယား
ပြင်သစ်
ဘထက် ဆိုင်လီရှား
၁၉၁၉-ခု, ဂျာမနီက ပေးအပ်ရသောနယ်များ
ယခုဂျာမနီနယ်နိမိတ်များ
မိုင်
၀ ၁၀၀ ၂၀၀ မိုင် ၃၀၀

mgyoe.com

# ဗာဆေးစာချုပ်

ယနေ့ ဖြစ်ပျက်နေသော ဥရောပတိုက်၏ ပြဿနာများကို စုံစမ်းလိုသောအခါတွင် ၁၉၁၉ ခုနှစ်က မဟာမိတ်တို့နှင့် ဂျာမနီတို့ချုပ်ဆိုသော ဗာဆေးစာချုပ်က စတင်စုံစမ်းရမည်ဖြစ်သည်။ ထိုစာချုပ်အရ ဂျာမနီတို့က ပေးအပ်လိုက်ရသော နယ်များမှာ မည်မျှများ၍ မည်မျှအရေးကြီးသည်ကို တွေ့ရှိနိုင်ပေသည်။

ဂျာမနီ၏အနောက်ဘက်တွင် ယူပင်းနှင့် မာမိဒီကို ဘယ်လ်ဂျီယံထံသို့လည်းကောင်း၊ ဩလ်ဆေးနှင့် လော်ရိန်းကို ပြင်သစ်သို့လည်းကောင်း၊ ဆားနယ် ကျောက်မီးသွေးတွင်းများကို ပြင်သစ်သို့လည်းကောင်း ပေးအပ်ရသည်။

မြောက်ဘက်တွင် ရှလီးဝစ်ကို (၁၉၁၄ ခု ကမ္ဘာစစ်ကြီးဖြစ်စဉ်က ကြားနေသော) ဒိန်းမတ်သို့ ပေးအပ်ရသည်။

အရှေ့ဘက်တွင် မီမယ်ပြည်ကို နိုင်ငံပေါင်းချုပ်အသင်းကြီးက အုပ်ချုပ်ပြီး ၁၉၂၃ ခုနှစ်တွင် လစ်သူရေးနီးယားသို့ အပ်လိုက်ရသည်။ အရှေ့ ပရပ်ရှားနှင့် ပိုဆင်ကို ပိုလန်ပြည်သစ်ထံသို့ သွတ်သွင်းပေးအပ်

mgyoe.com

mgyoe.com


လိုက်ရသည်။

ဂျာမနီသည် ထိုပေးအပ်လိုက်ရသော ပြည်နယ်များကို ပြန်လည်ရရှိရန် ဆောင်ရွက်ခြင်းက အစပြု၍ ယနေ့ စစ်တိုက်နေကြသည်ကို တွေ့နိုင်ပေသည်။

၀

mgyoe.com

mgyoe.com

# ဂျာမနီပြည် အနောက်ဘက်နယ်နိမိတ်

ဂျာမနီပြည်အနောက်ဘက်ပိုင်းတွင် သဘာဝအရ နယ်နိမိတ် ကန့်သတ်ခြင်းမပြုဘဲ နီးစပ်ရာတိုင်းပြည်မှ ၎င်းတို့အလိုကျ နယ်နိမိတ် ကန့်သတ်ကြမည်ဆိုလျှင် ဂျာမနီပြည်၏ ပြဿနာမှာ ပိုမို ရှုပ်ထွေးစရာ အကြောင်းရှိသည်။ ထိုနယ်၏ စီးပွားရေးအခြေအနေသည် သဘာဝ ပထဝီမြေပုံ အနေအထားအလိုက် ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် ယခု တိုင်းပြည်အစိုးရတို့ သတ်မှတ်ထားသည့် နယ်နိမိတ်အရဆိုလျှင် အချို့ နိုင်ငံများမှာ အလွန်အကြူး နစ်နာလျက်ရှိသည်။

ရိုင်းမြစ်၊ ၎င်း၏မြစ်လက်တက်များဖြစ်သော မိုစလီ၊ မီယု၊ ခကတ် စသော မြစ်များတို့သည် ကျောက်မီးသွေးနှင့် သံများ ထွက်သော ပြင်သစ်မြောက်ပိုင်း ဘယ်လ်ဂျီယံ၊ ရား၊ ဆား လောရိမ်းနယ်များတွင် သဘာဝအလျောက် ဖြစ်ပေါ်နေသော ရေလမ်းခရီးများသာဖြစ်၏။ ထိုအရပ်ဒေသများတွင် အစိုးရများကသာ တစ်ပြည်နှင့်တစ်ပြည် နယ်နိမိတ် သတ်မှတ်ထားသည်။ သဘာဝအမှတ်အသားများကို အသိအမှတ် မပြုချေ။ သို့ကြောင့်ပင် နယ်သတ်မှတ်မှုနှင့် ပတ်သက်၍

mgyoe.com

mgyoe.com

## မြေပုံအမှတ် ၃




mgyoe.com

mgyoe.com


တစ်ပြည်နှင့်တစ်ပြည် စစ်မကြာမကြာဖြစ်ရန် လွယ်ကူခဲ့သည်။


ရိုင်းမြစ်ပြင် ဘပ်(စ)လီမြို့မှ စက္ကရက်(စ)တပ်(ဂ)မြို့ အလွန် မိုင် ၁၀၀ ကျော် ပြင်သစ်ပိုင်ဖြစ်၍ မိုင် ၃၀၀ ကျော်မှာ ဂျာမန်နယ်နိမိတ်ဖြစ်ပြီး ၎င်းမြစ်ဝကျွန်းပေါ်မှာ ဟော်လန်ပိုင်နက်တွင် ရောက်ရှိနေသည်။

ဝ

mgyoe.com

mgyoe.com


## မြေပုံအမှတ် ၄



mgyoe.com

mgyoe.com

# ဂျာမနီ နှင့် မြောက်ပင်လယ်

အင်္ဂလန်ပြည်၏ ရေတပ်အင်အား ကြီးမားကြောင်း လွန်ခဲ့သည့် ကမ္ဘာစစ်ကြီးအတွင်းက အထူးကျော်ကြားခဲ့သည်။ သို့သော် ယခုခေတ် လေတပ်နှင့် ရေငုပ်သင်္ဘောတပ်များ၏ဒဏ်ကိုကား ခံနိုင်ပါမည်လော ဟု သံသယရှိဖွယ်ပင် ဖြစ်သည်။ အကြောင်းသော်ကား ယခုဖြစ်ပွား လျက်ရှိသော စစ်တွင် အင်္ဂလိပ်စစ်သင်္ဘောများသာ မကြာမကြာ နစ်မြုပ် ခြင်းခံရသည်ကို တွေ့ရသည်။ ဥပမာ ဂျာမန်တို့က အင်္ဂလိပ်သင်္ဘော ဘော့စနီးယား၊ အသီးနီးယား၊ မင်နာ၊ ဝင်ကလေရှိုင်ရယ်အုတ်... စသော သင်္ဘောများကို ဖျက်ဆီးနစ်မြုပ်၍ ပြီးလေပြီ။ အင်္ဂလိပ်ရေတပ်ကား ဂျာမနီတို့၏သင်္ဘောများကို ထိထိရောက်ရောက် နှိမ်လိုက်သည်ဟု မကြားရသေးချေ။ အင်္ဂလိပ်တို့က တကယ်မတိုက်သေး၍ ဖြစ်ချင်လည်း ဖြစ်လိမ့်မည်။ အသေအချာ မဆိုနိုင်။

ဂျာမနီပြည်မြောက်ဘက် မြောက်ပင်လယ်ဘက်သို့ ထိုးထွက် သွားသော ကမ်းရိုးတန်းကလေးမှာ ဂျာမနီနိုင်ငံအဖို့ များစွာ အကျိုးများ လေသည်။ ၎င်းကမ်းရိုးတန်းရှိ သင်္ဘောဆိပ်ကမ်းများမှာ ပထမတန်း

mgyoe.com

mgyoe.com


သဘော်ဆိပ်မြို့များဖြစ်သည်။

ထိုသဘော်ဆိပ်များအနီးရှိ ဖရစ်စီရင် ကျွန်းစုကလေးများလည်း ရေငုပ်တပ်များနှင့် လေတပ်များစခန်းချရာ ဖြစ်၏။ ၎င်းပြင် ထိုကျွန်းစုကလေးများမှာ အင်္ဂလန်ကျွန်းအရှေ့ဘက်ကမ်းနှင့် များစွာ မဝေးလှပေ။ လက်နက်များ ပစ်ခတ်လျှင် လွယ်လွယ်နှင့် ရောက်နိုင်သည်။ တစ်ဖန် မြောက်ပင်လယ်ရှိ ဂျာမန်ပင်လယ်အော်ကလေးမှာ ဂျာမနီပြည်တွင်းသို့ ထိုးဝင်လျက်နေသဖြင့် တစ်ဖက်ရန်သူတို့၏ ဘေးရန်ကို ကာကွယ်ရန် ခံတပ်ကောင်းသဖွယ် ဖြစ်နေသည်ကို တွေ့ရပြန်သည်။

၀

mgyoe.com

mgyoe.com

## ဂျာမနီပြည် အရှေ့ဘက်နယ်နိမိတ် နှင့် ကော်ရစ်ဒါနယ်

ပိုလန်ပြည်မှ ပင်လယ်သို့ထွက်လိုလျှင် ကော်ရစ်ဒါနယ်မှ ဖြတ်ကျော်သွားရလေသည်။ ၎င်းကော်ရစ်ဒါမှာ ဘစ္စကြူလာမြစ်မှ ဂျာမန်နယ်စပ်အထိ မိုင် ၄၀ မျှသာ ကျယ်သည်။ ထိုနယ်ကလေး ကြားဝင်နေသဖြင့် ဂျာမန်ပိုင် အရှေ့ပရပ်ရှားနှင့် ဂျာမနီပြည်မှာ တကွဲစီဖြစ်၍နေပြန်သည်။

ကမ္ဘာစစ်ကြီးအပြီး ဒန်ဇစ်မြို့နယ်ကို နိုင်ငံပေါင်းချုပ်အသင်းက စောင့်ရှောက်၍ လွတ်လပ်သော မြို့နယ်အဖြစ် သတ်မှတ်ထားလေသည်။ ဒန်ဇစ်မြို့မှာ ပိုလန်ပြည်၏ အတွင်းဘက်မှ ထွက်သမျှသော ကုန်စည်၊ ပိုလန်ပြည်တွင်းသို့ နိုင်ငံခြားမှ ပင်လယ်လမ်းဖြင့် သွင်းသမျှ ကုန်စည်တို့၏ ထွက်ပေါက် ဝင်ပေါက် သင်္ဘောဆိပ်မြို့ ဖြစ်သည့်အတိုင်း လွတ်လပ်သော ဒန်ဇစ်မြို့နယ်ပေါ်တွင် ပိုလန်ပြည်အား အခွင့်အရေးတိုးပေးခဲ့လေသည်။ ထိုအခွင့်အရေးတို့မှာ...

၁။ ဒန်ဇစ်မြို့နယ် အကောက်တော်ဌာနကို ပိုလန် အကောက်တော်ဌာန၏ လက်အောက်ခံဌာနအဖြစ်ထားရှိ၍ ဒန်ဇစ်အရာရှိများ၏အကောက်ရုံးကို ဒန်ဇစ်၌နေထိုင်သော ပိုလန် အကောက်တော်ဌာန အင်စပက်တော်များက စာရင်းအင်းများကို စစ်ဆေး

mgyoe.com

mgyoe.com



## မြေပုံအမှတ် ၅




mgyoe.com

mgyoe.com


ရလေသည်။ ဒန်ဇစ်အကောက်ဌာနမှာ ပိုလန် အကောက်တော် ဥပဒေအတိုင်း လိုက်နာ ဆောင်ရွက်ရလေသည်။ ပိုလန်ပြည်က ရရှိသော အကောက်ဌာနဝင်ငွေမှ ဒန်ဇစ်ဌာနအတွက် အသုံးစရိတ်များကို နုတ်ယူစေပြီးနောက် ပိုလန် အကောက်ဌာန တစ်ခုလုံး၏ ဝင်ငွေမှ ဒန်ဇစ်ကို ရာခိုင်နှုန်းသတ်မှတ်၍ ခွဲဝေပေးရလေသည်။

၂။ ဒန်ဇစ်နယ်ရှိ မီးရထားလမ်းများမှာ ပိုလန်ပိုင်ဖြစ်၍ ပိုလန် မီးရထားဌာနက အုပ်ချုပ်ရသည်။ ဒန်ဇစ်သင်္ဘောဆိပ်သို့ ဆင်းသော မီးရထားလမ်းမှာ ဒန်ဇစ်ရေဝန်ရုံးဆိုင်ရာ ပစ္စည်းဖြစ်သော်လည်း ပိုလန် မီးရထားဌာနကပင် အုပ်ချုပ်လေသည်။

၃။ ဒန်ဇစ်မြို့နယ်အတွင်း ပိုလန်ပြည်က နိုင်ငံခြားနှင့် တိုက်ရိုက် ဆက်သွယ်ရေးအတွက်လည်းကောင်း၊ ဒန်ဇစ်သင်္ဘောဆိပ်နှင့် ပိုလန်ပြည် ဆက်သွယ်ရေးအတွက်လည်းကောင်း၊ အသီးအခြား စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းများ ထားပိုင်ခွင့်ရှိသည်။

၄။ ဒန်ဇစ်သင်္ဘောဆိပ်ကို ရေဝန်ဘက်ဆိုင်ရာကောင်စီအဖွဲ့က အုပ်ချုပ်ရာ၌ ထိုကောင်စီတွင်ဒန်ဇစ်သားတစ်ဝက်၊ ပိုလန်သားတစ်ဝက် ပါဝင်စေလျက် အလုပ်သမားများ ပုလိပ်များလည်း တစ်ဝက်စီ ထားရှိရလေသည်။ ထိုသင်္ဘောဆိပ်ကို ပိုလန်ပြည်က အဆီးအတားမရှိ သုံးခွင့်ရစေသည့်ပြင် ထိုသင်္ဘောဆိပ်၏ အရှုံးအမြတ်ကို တစ်ဝက်စီ ခံရလေသည်။

၅။ ဒန်ဇစ်နယ်နှင့် နိုင်ငံခြားဆက်သွယ်ရေးကို ပိုလန်က စီမံခန့်ခွဲလျက် နိုင်ငံခြားတွင်ရှိနေသော ဒန်ဇစ်နယ်သားတို့ကို ပိုလန်က ကာကွယ်ပေးရန် ပိုလန်က တာဝန်ယူရလေသည်။

mgyoe.com

mgyoe.com



၆။ ဒန်ဇစ်နယ်တွင်းရှိနေသော ပိုလန်လူမျိုးများကို ဒန်ဇစ်အရာရှိများက ဒန်ဇစ်သားနှင့် မခြားစေဘဲ အခွင့်အရေးတူ ပေးရလေသည်။ ပိုလန်ကလေးများကို ပိုလန်ဘာသာသင် ကျောင်းများတွင် ထားခွင့်ရလျက် ရုံးများတွင် ပိုလန်ဘာသာကို သုံးခွင့်ရလေသည်။

၇။ ပိုလန်သည် ဒန်ဇစ်မြို့နယ်ကို ဖြတ်သန်း၍ စစ်မှုဆိုင်ရာ လက်နက်ကိရိယာများ တင်သွင်းခွင့်ရှိသည်။ ဤသို့ စက်ကိရိယာများ သိုမှီးထားရန် ဝက်စတာပလပ်ကျွန်းဆွယ်ကို ပေးထား၍ ထိုဒေသတွင် စစ်တပ်တစ်ခု ထားခွင့်ရှိသည်။

၈။ ပိုလန်စစ်သင်္ဘောများ ဒန်ဇစ် စစ်သင်္ဘောဆိပ်တွင် ဆိုက်ကပ်ခွင့်ရသည်။

၉။ ၁၉၃၂ ခု မတိုင်မီ မီးရထားနှင့် အကောက်တော်ဌာနများတွင် ဂျာမန်သုံး ရွှေဒင်္ဂါး သို့မဟုတ် ပိုလန်သုံး ဒင်္ဂါး ၂ မျိုးလုံး သုံးခွင့်ရသည်။ ဂျာမန်ဒင်္ဂါးဈေး ကျသွားပြီးနောက် ပိုလန်သုံးဒင်္ဂါးများကိုသာ လက်ခံသည်။

၁၀။ ပိုလန်နှင့် ဒန်ဇစ် ၂ ပြည် လူဝင် လူထွက် ကုန်သွင်း ကုန်ထုတ် သင်္ဘောအသွားအလာ၊ တစ်ဦးကိုတစ်ဦး မတားဆီးရ၊ ညီတူခံစားခွင့်ရှိသည်။

၁၁။ ဒန်ဇစ်သင်္ဘောကျင်းများကို ပိုလန်နှင့် ဒန်ဇစ်တစ်ဝက်စီ ပိုင်သည်။ မီးရထားအလုပ်ရုံလည်း တစ်ဝက်စီ ပိုင်သည်။ သင်္ဘောကျင်းများကို အင်္ဂလန်၊ ပြင်သစ်၊ ဒန်ဇစ်၊ ပိုလန် ၄ ဦးစပ် ကုမ္ပဏီက ငှားထား၍ ပိုလန်နှင့် ဒန်ဇစ်က အစုရာခိုင်နှုန်း ၂၀ သာ ပါရှိသည်။

၁၂။ ရှေးဂျာမနီပိုင်ပစ္စည်းဖြစ်သော ဒန်ဇစ်လက်မှုပညာသင်

mgyoe.com

mgyoe.com


ကျောင်းကို စစ်ကြီးအပြီး ပိုလန်နှင့် ဒန်ဇစ်တို့ခွဲဝေရာ၌ ဒန်ဇစ်က ရရှိလျက် ပိုလန်လူမျိုးကျောင်းသားများကို တန်းတူကျောင်းဝင်ခွင့် ပေးရသည်။

၁၃။ ဒန်ဇစ်နယ်တွင်းရှိ ရေဘက်ဆိုင်ရာရုံးတွင် ပိုလန်သင်္ဘောများသည် မိမိတို့၏အလံ တင်ခွင့်ရသည်။

၁၄။ ဒန်ဇစ်နယ်အစိုးရတို့သည် ပိုလန်၏ ကြိုတင်သဘောတူညီချက်မရဘဲ နိုင်ငံခြားတွင် ငွေမချေးနိုင်။

၁၅။ ဒန်ဇစ်နယ်သည် စစ်မှုပြင်ဆင်ခွင့်မရှိသော နယ်ဖြစ်၍ ဒန်ဇစ်သည် လက်နက်မလုပ်ရ။ တခြားမှလည်း မှာယူခြင်း မပြုရ။ ခံတပ် မဆောက်ရချေ။

၁၆။ ဒန်ဇစ်အစိုးရဘက်တွင် ပိုလန်ပြည်ဘဏ်က ၂၅ ရာခိုင်နှုန်း စွက်ဖက်ခွင့်ရှိသည်။ ရာခိုင်နှုန်း ၃၀ အထိ တိုးမြှင့်နိုင်သည်။

၁၇။ ကမ္ဘာ့ကုန်ကူးရေးအတွက် ဒန်ဇစ်ကုန်သည်ကြီးအသင်းကြီးကို အုပ်ချုပ်သောအဖွဲ့တွင် ပိုလန်ကိုယ်စားလှယ်တစ်ဦး ပါရှိစေ၍ အာဏာတူ ရရှိစေရသည်။

ဤမျှ ပိုလန်ပြည်အား အခွင့်အရေးပေးထားသော်လည်း ဂျာမနီနာဇီတို့သည် မကြာသေးမီက ဒန်ဇစ်မြို့တွင် နာဇီအစိုးရတို့ တည်ထောင်ပြီးရုံမက ဒန်ဇစ်အား နာဇီတို့၏ ခံတပ်ကြီးအဖြစ်သို့ ပြောင်းလဲခဲ့သည်။ သို့ကြောင့်ပင် ပိုလန်ပြည်က ဂစ်(ဒ်)နီးယားသင်္ဘောဆိပ်ကို တည်ဆောက်ခဲ့ရသည်။ ၎င်း ဂစ်(ဒ်)နီးယားမြို့မှာ ဂျာမနီက ၁၉၂၀ ခုနှစ်အထိ ပိုင်ခဲ့သော အထက်ပိုင်းစီလီရှားနယ် ကျောက်မီးသွေးတွင်းများနှင့် မီးရထားလမ်းအားဖြင့် ဆက်သွယ်လျက် ရှိလေသည်။ ယခုအချိန်တွင် ဒန်ဇစ်ကို ဂျာမနီတို့ သိမ်းပိုက်လိုက်ပြီး ဖြစ်သည်။


o

mgyoe.com

mgyoe.com



## မြေပုံအမှတ် ၆




mgyoe.com

mgyoe.com

# ဩစတြီးယားပြည် ၁၉၁၉ ခုမှ ၁၉၃၈

ဩစတြီးယားပြည်ကလေးမှာ ဂျာမနီပြည်၏ ပါးစပ်ဝတွင် တော့၍နေခဲ့သည်။ ၎င်းပြည်၏မြို့တော်မှာ လူဦးရေ ၂ သန်းမျှရှိပြီး ထိုနယ်နှင့် စပ်လျက်ရှိသောနေရာများမှာ တောတောင်များ အလွန်ထူထပ်လေသည်။ လူဦးရေမှာ ၄ သန်းခွဲကျော်ကျော်မျှသာ ထိုနယ်တွင် ရှိသည်။

ဗီယာနာမြို့ရှိ လူများမှာ များသောအားဖြင့် ဆိုရှယ်လစ်ဂိုဏ်းဝင်များသာဖြစ်သည်။ ကျန်ဩစတြီးယား တောသူတောင်သားဆင်းရဲသားများမှာ ဘုရင်ဂျိုဂိုဏ်းဝင်များနှင့် ရှေးရိုးစဉ်လာကိုကြိုက်သော ကွန်ဆာဗေးတစ်ဂိုဏ်းသားများသာဖြစ်သည်။ ၁၉၃၄ ခုနှစ်တွင် ဖက်ဆစ်ဂိုဏ်းသားတို့သည် ဗီယာနာမြို့ရှိ ဆိုရှယ်လစ်ကြီးစိုးသော မြူနီစီပယ်အဖွဲ့များကို ဖျက်ဆီးပစ်ပြီးလျှင် ၎င်းတို့သိမ်းပိုက်ရုံမျှမက အလုပ်သမား လယ်သမား အစည်းအရုံးများကို မတရားအစည်းအရုံးများဟု ကြေညာပစ်လေသည်။

ကမ္ဘာစစ်ကြီးပြီးစကတည်းကပင် ဩစတြီးယားပြည်သူအများက ဂျာမနီပြည်နှင့် ပေါင်းစပ်လိုကြောင်း ဆန္ဒပြခဲ့ကြသည်။ သို့သော်လည်း နိုင်ငံပေါင်းချုပ်အသင်းက ဂျာမနီ၏ အင်အားကြီးသွားမည်စိုး၍ သဘောမတူဘဲ အမြဲကန့်ကွက်ခဲ့ကြသည်။ နာဇီတို့ကလည်း တစ်နည်းတစ်ဖုံ

mgyoe.com

mgyoe.com


ဩစတြီးယားအား သိမ်းပိုက်နိုင်ရန် ဩစတြီးယားပြည်တွင် ပရပ်ရှင်းနာဇီများအား အရေးပါအရာရောက်သော ဌာနများတွင် ဝင်စေပြီး ဂျာမနီအား တစ်ဖက်တစ်လမ်းလုပ်မည့် ဩစတြီးယားလူမျိုးနှင့် အရာရှိတို့အား နှိမ်စေတော့သည်။

နောင်များမကြာမီ ဂျာမနီပြည်က ဩစတြီးယားပြည်၏ ဘဏ္ဍာတော်ရွှေများ၊ စက်မှုကိရိယာလုပ်ငန်းများနှင့် ထောပတ်နွားနို့လုပ်ငန်းဟူသမျှကိုပင် လက်ဝါးကြီးအုပ်၍ လာလေသည်။ ထိုအခါ ဂျာမနီပြည်ကော်မရှင်နာမင်းကြီး ဟာကူယာကဲ(လ်)ကိုယ်တိုင်ပင် ဩစတြီးယားပြည်၌ ဆူပူမှုများ အကြီးအကျယ်ပေါ်ခဲ့သည်ဟု ဝန်ခံခဲ့ရသည်။ သို့သော် ဩစတြီးယားပြည်ရှိ ဂျူးလူမျိုးတို့အား ဖယ်ရှားပြီး ဩစတြီးယားလူမျိုးများအား အလုပ်အကိုင်များပေးခဲ့ခြင်းကြောင့် ဆူပူမှုများ အေးငြိမ်းသွားပြီးနောက်ဆုံး နာဇီတို့က ဩစတြီးယားအား သိမ်းပိုက်ခဲ့လေသည်။

၀

mgyoe.com

mgyoe.com

## ဩစတြီးယား၊ ဟန်ဂေရီနယ်ဟောင်း

၁၉၁၉ ဩစတြီးယား ဂျာမန်စာချုပ်နှင့် တြီဒွန် ဟန်ဂေရီစာချုပ်များအရ ဩစတြီးယား ဟန်ဂေရီမင်းဆက်မှာ အဆက်ပြတ်ပြီးနောက် ထိုနယ်များရှိ လူဦးရေသန်းပေါင်း ၅၁ သန်း၊ နယ် ၇နယ်သို့ ပြန့်၍ သွားခဲ့သည်။ လူဦးရေ ၆သန်းခွဲမှာ ဩစတြီးယားနယ်တွင် ကျန်ခဲ့လျက် ၈ သန်းမှာ ဟန်ဂေရီနယ်တွင် ကျန်ခဲ့လေသည်။


ဂလေးရှားနယ်ကို ပိုလန်ပြည်အား ပေးအပ်ရသည်။ ဘိုဟီးမီးယား၊ မိုရာဗီးယာမြောက်ဘက် ဟန်ဂေရီနယ်တို့ကား ချက်ကိုဆလိုဗားကီးယားနယ်သစ်အဖြစ်ဖြင့် ပေါင်းစပ်လိုက်ခြင်း ခံရသည်။ အရှေ့ဘက် ဟန်ဂေရီနယ်နှင့် ထရင်စင်(လ်)ဗေနီယားနယ်ကိုကား ရူမေးနီးယားသို့ အပ်လိုက်ရသည်။ တောင်ဘက် တိုင်ရို(လ်)နှင့် အစ်(စ)ထရီးရင်းကျွန်းဆွယ်ကို အီတလီသို့ အပ်လိုက်ရသည်။ ခရိုးအေးရှား၊ ဒါ(လ်)မေးရှား၊ ဘော့(စ်)နီးယား၊ ဟာဇီဂိုဗီနာတို့ကား ယူဂိုဆလားဗီးယားနယ်အဖြစ် ပေါင်းစပ်ကြလေသည်။ ထို့ကြောင့် ဩစတြီးယားနှင့် ဟန်ဂေရီနယ်များမှာ နိုင်ငံကလေးများကြားတွင် ညပ်၍နေသည်။

mgyoe.com

mgyoe.com



## မြေပုံအမှတ် ၇



mgyoe.com

mgyoe.com


ဒနူဘီမြစ် စီးဆင်းပုံကိုကြည့်မည်ဆိုလျှင်လည်း နယ်ပေါင်းစုံကို ဖြတ်ကျော်၍ စီးဆင်းနေသည်ကို တွေ့ရသည်။


၀

mgyoe.com

mgyoe.com



## မြေပုံအမှတ် ၈



mgyoe.com

mgyoe.com

# ချက်ကိုစလိုဗားကီးယား

ချက်ပြည်ကလေးကား ရှေးဩစတြီးယား ဟန်ဂေရီနယ်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ လူဦးရေရာခိုင်နှုန်း ၆၀ နှင့် ၇၀ မှာ ချက်နှင့် စလိုဗက်(ခ)လူမျိုးများသာ ဖြစ်သည်။ လူနည်းစုများမှာ ဂျာမန်၊ မက်(ဂ) ရာနှင့် ရူသီနီယားလူမျိုးများသာဖြစ်သည်။ ထိုပြည်ကလေး၏ စုစုပေါင်းလူဦးရေမှာ ၁၅ သန်းကျော်ရှိပြီး အရေးပါအရာရောက်သော ပြင်သစ်နှင့် ရုရှားနိုင်ငံကြီးများကြားတွင် တည်ရှိပြန်သည်။

ချက်ပြည်ကလေးကို ကာကွယ်ရန် စီစဉ်ရင်းက ပြင်သစ်နှင့် ရုရှား မဟာမိတ်နိုင်ငံအဖြစ်သို့ ရောက်မည်ကို ဗြိတိန်တို့က စိုးရိမ်ပြန်သည်။ သို့ကြောင့်ပင် ပြင်သစ်နှင့် ရုရှားမဟာမိတ်စာချုပ်ကို ဖျက်စေပြီး ဂျာမနီ၊ အင်္ဂလန်၊ ပြင်သစ်နှင့် အီတလီပြည်တို့၏ ယာယီမဟာမိတ် စာချုပ်ကို ချုပ်ဆိုပြန်သည်။ တစ်ဖန် တစ်ဖက်လှည့်နှင့် ဗြိတိန်တို့က ဂျာမနီအား ချက်ပြည်ကလေးကို ဝင်ရောက်နှောင့်ယှက်ရန် ခွင့်ပေးပြန်သည်။ သို့မှပင် ပြင်သစ်ပြည်မှာ နာဇီတို့၏ ဘေးရန်ကိုသိရှိလာပြီး အင်္ဂလန်နှင့် အမြဲတမ်းပေါင်းတော့မည်ဖြစ်သည်။

mgyoe.com

mgyoe.com



နောင် မကြာမီ ဆူဒီတန် ဂျာမန်တို့၏ ခေါင်းဆောင် ဟာလင်လိန်က ချက်ပြည်ရှိ ဂျာမန်လူနည်းစုများအတွက် ချက်ပြည် နိုင်ငံခြားဆက်သွယ်ရေး ပြုပြင်ရန်နှင့် ရုရှားနှင့် ချုပ်ဆိုထားသည့် ကတိစာချုပ်များဖျက်သိမ်းရန်တို့ကို တောင်းဆိုလာလေသည်။ ၁၉၃၈ ခုနှစ် မေလတွင် ဟာဟင်လိန်သည် လန်ဒန်သို့ လေယာဉ်ပျံဖြင့် ထွက်ခွာသွားလေသည်။ ရိုက်တာကြေးနန်းများအရဆိုသော် ထိုသို့ ထွက်သွားခြင်းမှာ အကြောင်းထူး မရှိဟု ဆို၏။ သို့သော် ဟာဟင်လိန် ချက်ပြည်သို့ ပြန်ရောက်သောအခါ ဂျာမန်စစ်တပ်များ ချက်ပြည်ကလေးသို့ ထွက်ခွာသွားသည်ကို တွေ့ရသည်။ ထို့နောက် နယ်စပ်တွင် ဆူဒီတန်ဂျာမန် တပ်သား ၂ ဦးအား ချက်စစ်သားများက သေနတ်ဖြင့် ပစ်သတ်သည်။ 'ထိုအခါ ချက်ပြည်အစိုးရသည် လူနည်းစုများအား မကာကွယ်တပ်' ဟု နာဇီသတင်းစာအစောင်စောင်က ဆူပူရေးသား၍ လျော်ကြေးငွေများ တောင်းဆိုကြပြန်သည်။

ထိုအချိန်မှစ၍ နာဇီတို့သည် ချက်ပြည်တွင်းပြည်ပ၌ အမျိုးမျိုးလှုံ့ဆော် ဆူပူကြလေသည်။ အထူးသဖြင့် ဆူဒီတန်ဒိစတြိတ်နယ်များအတွင်း စစ်ဖြစ်မြောက်အောင် လှုံ့ဆော်၍ ချက်နှင့် ဂျူးလူမျိုးတို့အားသပိတ်မှောက်ရန် နှိုးဆော်ပေးလေသည်။ ချက်ပြည်အစိုးရအဖွဲ့သည် စစ်ပြင်လျက်ရှိပြီဟု မဟုတ်မမှန်သတင်းများ ကမ္ဘာအနှံ့အပြားသို့ လွှင့်ပြန်သည်။ သို့မှပင် ချက်ပြည်အား ကမ္ဘာကဝိုင်း၍ မုန်းကြမည်ဖြစ်သည်။

မကြာမီ ဗြိတိသျှတို့၏ ကိုယ်စားလှယ် လော့(ဒ်)ရန်စီမံအား ချက်ပြည် ပရိတ်မြို့သို့ စေလွှတ်လိုက်ရလေသည်။ နောက်ဆုံး၌ လော့(ဒ်)ရန်စီမံ ပရိတ်မြို့သို့ ရောက်လာခြင်းကား ချက်ပြည်လွတ်လပ်ရေးကိုကာကွယ်ရန်မဟုတ်ဘဲ ချက်ပြည်ကလေးကို ဟစ်တလာလက်သို့ ဝကွက်အပ်ရန်သာဖြစ်ကြောင်း တွေ့ရသည်။

mgyoe.com

mgyoe.com


ဂျာမန်တို့ ချက်ပြည်ကလေးကို အကြောင်းမလုံလောက်ဘဲ ဝင်ရောက်သိမ်းလိုက်သောအခါ ချိန်ဘာလိန်အစိုးရအဖွဲ့က ငြိမ်၍နေခဲ့လေသည်ကို ကျွန်ုပ်တို့ တွေ့ရသည်။

၀

mgyoe.com

mgyoe.com



## မြေပုံအမှတ် ၉




mgyoe.com

mgyoe.com

# ပိုလန်

ကမ္ဘာစစ်ကြီးပြီးသည့်နောက် ပိုလန်ပြည်သစ်ကို ဗာဆေးမြို့ ဖျန်ဖြေရေးကောင်စီအဖွဲ့ချုပ်ကြီးက နယ်နိမိတ်ကန့်သတ်ပေးလေသည်။ ထိုသို့ ကန့်သတ်ပေးသည့် အရှေ့ဘက်နယ်နိမိတ်မှာ ဘရက်(စ)လီတော့(စ) မြို့ကို တောင်နှင့်မြောက် ဖြတ်၍သွားသည်။

၁၉၂၀ ပြည့်နှစ် ပိုလန် ရုရှားစစ်ဖြစ်ပြီးသည့်နောက် ပိုလန်နယ်နိမိတ်မှာ အရှေ့ဘက်သို့ တိုးချဲ့သွားလေသည်။ ထိုအခါ ဝိုက်ရုရှားပြည်နှင့် ယူကရိန်းနယ်များ ပိုလန်နယ်နိမိတ်အတွင်းသို့ ရောက်လာသည်။ ထိုနှစ်တွင်ပင် ပိုလန်စစ်တပ်များ လစ်သူနီးယားနယ်တွင်းသို့ဝင်ပြီး ၎င်းမြို့တော် ဗင်(လ)နာမြို့ကို သိမ်းပြီး နီမင်းမြစ်မြောက်ဘက်ရှိ ကြားနေရာကို ပိုလန်ပြည်သို့ သွတ်သွင်းခဲ့သည်။ ဤသို့ပြုခြင်းဖြင့် ဝိုက်ရုရှားနှင့် လစ်သူနီးယားနယ်ကို အဆက်ဖြတ်လိုက်လေသည်။ နောက်ထပ်နယ်ချဲ့မည်စိုးသောကြောင့် လစ်သူနီးယားအစိုးရတို့သည် ပိုလန်ပြည်သားတို့အား နီမင်းမြစ်နှင့် မီမဲလ်သဘောဆိပ်မြို့ကို မဝင်ရအောင် ပိတ်ဆို့ကာကွယ်ထားလိုက်ရလေသည်။ ၁၉၃၈ ခု၊ မတ်လတွင် ပိုလန်မှ

mgyoe.com

mgyoe.com



စာချွန်တော်တစ်စောင် လစ်သူနီယားသို့ ပို့သောအခါကျမှ နယ်ခြားများကို ဖွင့်ပေးပြီး မိမဲ(လ်)ဆိပ်ကမ်းကို ပိုလန်အသုံးပြုရန် ဖွင့်ပေးလေသည်။

မကြာသေးမီကပင် ပိုလစ်ယူကရိန်းနယ်က ၎င်းတို့အား ပိုလန်က ကတိရှိသည့်အတိုင်း လုံးဝလွတ်ခွင့်ပေးရန်တောင်းသောအခါ ပိုလန်အစိုးရအဖွဲ့က ငြင်းခဲ့သည်။

ဤသို့ ပိုလန်တွင် အရေးပေါ်နေခိုက် ဂျာမန်တို့ကလည်း ပိုလန်ပြည်၏ သွေးကြောကိုဖြတ်ရန် အမြဲတစေ ကြိုးစားနေသည်။ ပထမဆုံး ဂျာမန်တို့၏ပယောဂကြောင့် ဒန်ဇစ်ဆီးနိပ်အဖွဲ့မှ ဒန်ဇစ်အကောက်ဌာနတွင် ပိုလန်အရာရှိများအား လျှော့ပစ်ရန် တောင်းဆိုလာသည်။ ဇွန်လ ၁၂ ရက်နေ့ကတစ်ဖန် ဒန်ဇစ်အစိုးရအရာရှိများသည် ပိုလန်လူမျိုး လီထင်စကီဆိုသူ အကောက်ဘက်ဌာန အင်စပက်တာတစ်ဦးအား သူလျှိုဟု စွပ်စွဲပြီး ဖမ်းဆီးချုပ်နှောင်လေသည်။ ထို့နောက် လီပင်စကီ ဆိုသူ ပိုလန်အရာရှိတစ်ဦးအား အပျော်မြင်းစီးရန် ဖိတ်၍ကွယ်ရာတွင် နာဇီများက ရိုက်နှက်ကြပြန်သည်။ ထို့နောက် ဇွန်လ ၁၄ ရက်နေ့တွင် နာဇီတပ်သားများ ပေါ်လစ်ကော်ရစ်ဒါနယ်သို့ အတင်းဝင်ရောက်တိုက်ခိုက်သည်ဟု ကြားရပြန်သည်။ ထိုအချိန်တွင် နာဇီသတင်းစာအစောင်စောင်ကလည်း ပိုလန်သည် အရှေ့ပရပ်ရှားပြည်သို့ ချိန်ရွယ်နေသည်ဟု စွပ်စွဲရေးသားပြီး ဒန်ဇစ်ရှိ ဂျာမန်တို့အား ဆူပူရန် လှုံ့ဆော်ပေးခဲ့ပြန်သည်။

နာဇီတို့ ဒန်ဇစ်မြို့ကို မိမိရရ သိမ်းပိုက်မိလျှင် ပိုလန်ပြည်အတွက် ရေလမ်းပိတ်၍သွားမည်ဖြစ်သည်။ ပိုလန်ကလည်း ကြိုတင်သိနှင့်၍ ဂစ်(ဒ)နီယားဆိပ်ကမ်းမြို့ကို တည်ခဲ့ရလေသည်။ သို့သော် ဂဒ်(ဒ)နီယားသို့ သွားရသော အဆက်အသွယ်လမ်းများမှာ ဒန်ဇစ်ကို များသောအားဖြင့် ဖြတ်ကျော်သွားရသည်။ ထို့ကြောင့် ဂစ်(ဒ)နီယား ဆိပ်ကမ်းမြို့

mgyoe.com

mgyoe.com



ကလေးမှာ ပိုလန်အတွက် များစွာ ကျေးဇူးမများနိုင်ပေ။

ပိုလန်မြေပုံကို ကြည့်မယ်ဆိုလျှင်လည်း ဗစ်(ခ)ကြူလာမြစ်ဝနှင့် ဒန်ဇစ်မြို့နေရာများသာ အချက်အချာ နေရာများဖြစ်သည်ကိုတွေ့ရသည်။ ၎င်းနေရာများကို ဂျာမန်များ သိမ်းပိုက်မိလျှင် ပိုလန်တစ်ပြည်လုံး နာဇီတို့ခြေဖဝါးအောက်ရောက်သည်နှင့်တူပြီး နာဇီတို့သည် ဥရောပတိုက် အရှေ့မြောက်ပိုင်းတွင် တန်ခိုးထွားပြီး ဘော(လ်)ကင် ကျွန်းဆွယ်နှင့် ဘလက်ဆီးဘက်သို့နယ်သစ်များ တိုးချဲ့သွားနိုင်သည်။

ဤကိုရည်၍ ဂျာမန်တို့က ဒန်ဇစ်နှင့် ကော်ရစ်ဒါနယ်မြေကို ပေးရမည်ဟု အတင်းတောင်းလာသည်။ တောင်းသည်နှင့်တစ်ပြိုင်နက် ပိုလန်နယ်စပ်သို့ စစ်သား ၂ သန်းခန့် ပါဝင်သော စစ်တပ်ကြီးများကို အသင့်ပို့ထားလိုက်သည်။ ချိန်ဘာလိန်သည် အရေးတကြီး ဟစ်တလာထံသို့ ဆာဟင်ဒါဆင်အား လွှတ်၍ ဒန်ဇစ်ကိုသိမ်းလျှင် အင်္ဂလန်နှင့် ပြင်သစ်တို့မှာ မိမိတို့ဝန်ခံချက်အတိုင်း စစ်တိုက်ရမည်ဖြစ်သောကြောင့် ဒန်ဇစ်အရေးကို အေးငြိမ်းစွာ ဆွေးနွေးဆုံးဖြတ်ပါရန် စေ့စပ်လေသည်။

ဟစ်တလာသည် အင်္ဂလန်က စစ်တကယ်တိုက်မည်ဟု မထင်သဖြင့် အလျှော့မပေးဘဲ ငြင်းဆိုပြီးနောက် မိမိ၏တောင်းဆိုချက်များကို ပိုလန်အစိုးရတို့အား တင်ပြခြင်းမပြုဘဲ ရေဒီယိုမှ ဩဂုတ်လ ၃၀ ရက်နေ့ညတွင် အသံလွှင့်လေသည်။ ထိုအသံလွှင့်၍ တောင်းဆိုသော အချက်များပေါ်တွင် ဆိုင်ရာအစိုးရတို့က ထင်မြင်ချက်မပေးရသေးမီ ဒန်ဇစ်နယ်ခေါင်းဆောင် ဖောတောက ဒန်ဇစ်နယ်ကို ဂျာမနီပြည်တွင်းသို့ သွတ်သွင်းကြောင်း၊ လက်ရှိအုပ်ချုပ်ရေးကို ရုပ်သိမ်းကြောင်း စသည်တို့ကို ကြွေးကြော်ရာ ဂျာမနီကလည်း ထိုအတိုင်းလက်ခံကြောင်း ကြေညာပြန်သည်။ ဂျာမန်တပ်တို့မှာကား ဩဂုတ်လ ၃၁ ရက်နေ့ နံနက်အချိန်ကပင် ပိုလန်နယ်စပ်သို့ အတင်းဝင်ရောက် ကျူးလွန်တိုက်ခိုက်ခြင်းပြုကြ

mgyoe.com

mgyoe.com



သည်။ ပိုလန်ပြည်ကလည်း လက်နက်များဖြင့် ခုခံတိုက်ခိုက်လျက် အင်္ဂလန်နှင့် ပြင်သစ်တို့အား အကြောင်းကြားလိုက်လေသည်။ ထိုအခါ အင်္ဂလန်နှင့် ပြင်သစ်ပြည်တို့က ဂျာမနီပြည်အား အရေးဆိုရန် တိုင်ပင်နှီးနှောရလေသည်။

ထို့နောက် အင်္ဂလန်နန်းရင်းဝန် ချိန်ဘာလိန်သည် ဘာလင်မြို့ရှိ ဗြိတိသျှသံအမတ် ဟင်ဒါဆင်မှတစ်ဆင့် ဟစ်တလာထံသို့ အချိန်ကန့်သတ်၍ အရေးဆိုလိုက်သောစာ ပေးပို့လိုက်သည်။ ၎င်းစာပါအဓိပ္ပာယ်တို့မှာ ဂျာမနီသည် ပိုလန်ပြည်တွင်းသို့ ဝင်ရောက်တိုက်ခိုက်နေသော ဂျာမန်တပ်များကို အမြန်ဆုံးရုပ်သိမ်းစေ၍ ကျေနပ်လောက်သော ပြန်ကြားချက်ကို နံနက် ၁၁ နာရီ အချိန်တွင်း မရရှိခဲ့သော် အင်္ဂလန်နှင့် ဂျာမနီတို့ စစ်ဖြစ်ပြီဟု မှတ်ယူရန်ဖြစ်သည်။ ၁၁ နာရီ အချိန်စေ့၍ ဂျာမနီ၏ ပြန်ကြားချက်ကို မရရှိသောအခါ ၁၁ နာရီ ၁၅ မိနစ်အချိန်တွင် ချိန်ဘာလိန်သည် မိန့်ခွန်းစကားပြောကြား၍ ဂျာမနီကို စစ်ကြေညာလေတော့သည်။ ပြင်သစ်ပြည်ကလည်း ဂျာမနီအား ဗြိတိသျှတို့ တောင်းဆိုချက်နှင့်အလားတူ ရာဇသံများပေးပို့၍ ညနေ ၅ နာရီ အချိန်ထိ ပြန်ကြားရန် အချိန် ကန့်သတ်ပေးထားလိုက်လေသည်။ ဂျာမနီပြည်၏ ပြန်ကြားချက်မရသောအခါ ညနေ ၅ နာရီတွင် ပြင်သစ်ပြည်က စစ်ကြေညာလိုက်လေသည်။

ယခုအချိန်တွင် ပိုလန်ပြည်မှာ ဂျာမနီ၏လက်ချက်ဖြင့် ပျက်စီးရလေပြီ။ ဂျာမနီတို့သည် ပိုလန်ပြည်အနောက်ပိုင်းကို သိမ်းယူလိုက်ကြသည်။ ရုရှားတို့ကမူ ပိုလန်ပြည်၏အရှေ့ပိုင်းကို ဝင်ရောက်သိမ်းယူလိုက်ကြလေသည်။

mgyoe.com

mgyoe.com

# ဘောလတစ် ပင်လယ်ပိုင်းနိုင်ငံများ

ကမ္ဘာ၏အချို့အရပ်ဒေသများတွင် နယ်ချဲ့သမားဖြစ်သော တန်ခိုးကြီးနိုင်ငံများသည် စစ်နိုင်သောအခါတွင် စစ်ရှုံးသောပြည်နယ်များ၏ နယ်နိမိတ်ကို မိမိတို့ ထင်သလို သတ်မှတ်ကြလေသည်။ ထိုသို့ ငါသဘောပြုကာ နယ်နိမိတ်သတ်မှတ်ခြင်းများသည်ပင် ကမ္ဘာစစ်ကြီးအပြီးတွင် ဥရောပ၌ စစ်နိုင်သော မဟာမိတ်နိုင်ငံတို့၏ နယ်နိမိတ်သတ်မှတ်ခြင်းထက် ဆိုးဝါးမည်မဟုတ်ပေ။ ၁၉၁၉ ခုနှစ် ကမ္ဘာစစ်ကြီးအပြီးတွင် လွတ်လပ်သောပြည်နယ်သစ် ၆ ပြည်ထောင် ပေါ်ထွက်လာလေသည်။ ထိုသို့ နယ်နိမိတ်သတ်မှတ်ကာ လွတ်လပ်သောပြည်နယ်သားများကို တည်ထောင်လိုက်ခြင်းသည် ထိုပြည်နယ်ရှိ တိုင်းရင်းသားများ၏ အလိုဆန္ဒအရ ပြုလုပ်ရခြင်းဖြစ်သည်ဟုဆိုသော်လည်း စစ်ရှုံးသောတိုင်းပြည်များကို ခွဲခြမ်းလိုသော စစ်နိုင်သောမဟာမိတ်နိုင်ငံကြီးများ၏ ဆန္ဒကိုလည်း ပြည့်ဝစေလေတော့သည်။ တစ်နည်းအားဖြင့်လည်း သူပုန်တိုင်းပြည်ဖြစ်သော ရုရှားနှင့် မိမိတို့ တိုင်းပြည်များစပ်ကြားတွင် တိုင်းပြည်သစ်ကလေးများကို တံတိုင်းသဖွယ်ကာရံကာ တည်ထောင်

mgyoe.com

mgyoe.com



## မြေပုံအမှတ် ၁၀




mgyoe.com

mgyoe.com


ခြင်းပင်ဖြစ်သည်။

ထိုပြည်နယ်သစ် ၆ ပြည်ထောင်အနက် ဖင်လင်နယ်၊ အက်စတိုးနီးယားနယ်၊ လပ်ဗီးယားနယ်၊ လစ်သူယေးနီယားနယ် လေးနယ်နှင့် ငါးခုမြောက်ဖြစ်သော ပိုလန်ပြည်နယ်၏များသောအပိုင်းမှာ ကမ္ဘာစစ်ကြီး မဖြစ်မီက ရုရှားပိုင် ဖြစ်လေသည်။ ၆ ခုမြောက်ဖြစ်သော ချက်ပြည်မှာမူကား ကမ္ဘာစစ်ကြီး မဖြစ်မီက ဩစတြီးယား–ဟန်ဂေရီပြည်နယ်ပိုင် ဖြစ်လေသည်။

ပထမပြည်နယ် လေးနယ်သည် ဘောလတစ်ပင်လယ် ကမ်းပေါ်တွင် တည်ရှိသဖြင့် ပင်လယ်သို့ ထွက်ပေါက်ရလျက် ရှိ၏။ ပိုလန်ပြည်ကိုမူ ထွက်ပေါက်ရစေရန် ဂျာမနီပြည်ကို အရှေ့ပရပ်ရှားပြည်နှင့် အဆက်ဖြတ်ကာ နယ်ခြားတစ်ခု တမင်ထွင်၍ ပင်လယ်သို့ထွက်ပေါက်ပေးထားလေသည်။ ဤသို့ပြုခြင်း၏ မှားယွင်းကြောင်းမှာ ယခုစစ် ဖြစ်ခြင်းက သက်သေခံလျက် ရှိလေသည်။

၆ ခုမြောက်ဖြစ်သော ချက်ပြည်မှာကား ပင်လယ်သို့ မြစ်များဖြင့်သာလျှင် ထွက်ပေါက် ရရှိလေတော့သည်။


o

mgyoe.com

mgyoe.com



## မြေပုံအမှတ် ၁၁



mgyoe.com

mgyoe.com

# ယူကရိန်းနယ်

ယူကရိန်းနယ်တွင် တောင်ဘက်ဥရောပတိုက်၊ ရုရှားနယ်၊ အရှေ့ဘက် ပိုလန်နယ်စပ်၊ အရှေ့ဘက် ချက်ပြည်စွန်းနှင့် ရူမေးနီးယားပြည် တစ်စိတ်တစ်ဒေသတို့ ပါဝင်လေသည်။ ထိုနယ်တွင် ယူကရိန်းလူမျိုးများ သာနေကြသည်။ ရုရှားနယ်တွင်းသို့ ရောက်နေသော ယူကရိန်းနယ်ကို ၁၉၁၈ ခုနှစ် ဗရက်(စ)လီတော(ဗ)စာချုပ်အရ လွတ်လပ်သော နယ်တစ်နယ်အဖြစ်ဖြင့် သတ်မှတ်လေသည်။ မကြာမီ ထိုနယ်သို့ နယ်ချဲ့သမားများ ရောက်လာခဲ့သည်။ သို့သော် ဆိုဗီယက်စစ်တပ်တို့က ၁၉၁၉ နှင့် ၁၉၂၀ ပြည့်နှစ်များတွင် ပြန်လည် တိုက်ခိုက်သိမ်းပိုက်လေသည်။ ၁၉၂၃ ခုနှစ်တွင် ရုရှားပြည်ဆင်းရဲသားအစိုးရနိုင်ငံကြီး၏ အဖွဲ့ဝင် ယူကရိန်း နယ်ဆင်းရဲသားအစိုးရအဖွဲ့ကလေး ဖြစ်လာ၏။

ထိုနယ်ကလေးသည် ဆိုဗီယက်နိုင်ငံကြီး၏ စီးပွားရေးအခြေပြုရာ နိုင်ငံကလေး ဖြစ်လာသည်။ ထိုနယ်ကလေးသည် မြေဩဇာကောင်းမွန်၍ လယ်ယာစိုက်ပျိုးရေးအတွက် အကျိုးများစွာ ရှိသည့်ပြင် ဒိုနက်နယ်တွင် ကျောက်မီးသွေး၊ ကရီဗွိုင်ရော့(ဝ)တွင် သံများထွက်လေ

mgyoe.com